# သခင့်စကား

**The LORD's Word**

ဝိညာဉ်ရေး ရာ စာစောင်

ငါကိုပယ်၍ ငါ့စကား ကိုနား မခံသော သူအား အပြစ် စီရင် သော သူ ရှိသေး ၏၊ ငါ ဟော ပြောသော စကား ပင် နောက်ဆုံး သော နေ ၌ ထိုသူ အား တရား စီရင်လိမ့်မည်။ ယောဟန် ၁၂း၄၈

အမှတ်စဉ် (၉၃) မေလ ၂၀၀၉ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့ ကိုး အခမဲ့ ဖြန့်ချီသည် )


### အခွဲ-၈ (သို့) ရပ် *(မင်းအောင်သက်လွင်)*

ညက အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ ဘုရားသခင်က
ငါ့ရဲ့ လုပ်ရပ် အမှား တွေကို ရပ်တန်းက ရပ်ဖို့ပြောသွားတယ်။
ဘုရားသခင်က ငါ့ကို ...
မရိုးသားခြင်းများ ရပ် ၊ ခိုးစားခြင်းများ ရပ်
အမှောင်ခိုခြင်းများ ရပ်၊ အချောင်ခိုခြင်းများ ရပ်
မနာလိုခြင်းများ ရပ် ၊ အသာလို ခြင်းများ ရပ်
နှိပ်စက်ခြင်းများ ရပ်၊ အိပ်မက်ခြင်းများ ရပ်၊
ညှဉ်းပန်းခြင်းများ ရပ်၊ နင်းကြမ်းခြင်းများ ရပ်
အစမ္မပြုခြင်းများ ရပ်၊ အလဟဿပြုခြင်းများ ရပ်
မုန်းတီးခြင်းများ ရပ် ၊ ဖြုန်းတီးခြင်းများ ရပ်
အမြဲအမုန်းပွားခြင်းများ ရပ် ၊ အလွဲသုံးစားခြင်းများ ရပ်
မတရားပြုခြင်းများ ရပ်၊ အလကားလု ခြင်းများ ရပ်
အသုံးမကျ ခြင်းများ ရပ်၊ အရှုံးပြ ခြင်းများ ရပ်
အကျင့်ယုတ် ခြင်းများ ရပ် ၊ အဆင့်ဖြုတ် ခြင်းများ ရပ်
လိမ်လည် ခြင်းများ ရပ် ၊ သိမ်ငယ် ခြင်းများ ရပ်
တကိုယ်ကောင်းဆန် ခြင်းများ ရပ်၊ အလိုပြောင်းပြန် ခြင်းများ ရပ်
ခွက်ပုန်းခုတ် ခြင်းများ ရပ် ၊ ပြက်လုံးထုတ် ခြင်းများ ရပ်
ထိုးနှက်ခြင်းများ ရပ် ၊ ချိုးဖျက်ခြင်းများ ရပ်
ငြင်းဆန်ခြင်းများ ရပ် ၊ တင်းခံခြင်းများ ရပ်
အမှားတစ်ရာတွေလဲ ရပ် ၊ အလကား ဗလာ တွေလဲ ရပ်
ဒေါသခက်ထန် ခြင်းများ ရပ် ၊ လောဘ ယက်ကန် ခြင်းများ ရပ်
စည်းကမ်းပျက် ခြင်းများ ရပ် ၊ နည်းလမ်းဖျက် ခြင်းများ ရပ်
မနာခံ ခြင်းများ ရပ် ၊ အသာစံ ခြင်းများ ရပ်
ဟောက်စား ခြင်းများ ရပ် ၊ ဖောက်ပြား ခြင်းများ ရပ်
ပြောင်လိမ် ကလိမ်ကကျစ် ခြင်းများ ရပ် ၊ နောင်ဂိုန် ရန်ဖြစ် ခြင်းများ ရပ်
ကမ္ဘာလူသားများ ဝတ်နေချိန်မှာ မင်းရဲ့ အမှားများ 'ရပ်' တဲ့။
အဲဒီ အိပ်မက်ထဲမှာဘဲ ဘုရားသခင်က ငါ့သား ...မင်းရဲ့လုပ်ရပ်တွေ ရပ်ရင် 'ရပ်'၊
ဒါမှ မဟုတ်ရင် မင်းရဲ့ နှလုံးခုန်သံကို ငါ 'ရပ်' လိုက်ရလိမ့်မယ်တဲ့။
"ဟုတ်ကဲ့ သခင်၊ ငါ့ အမှားတွေလဲ 'ရပ်'၊ သခင့် စကားတွေလဲ 'ရပ်'
ငါတို့ အားလုံး ဘာ အမှားမှ မလုပ်နဲ့ 'ရပ်' 'ရပ်' 'ရပ်' "။ ။

---

### "မင်း ... နေဝင်ချိန်" *(မင်းထွန်းသက်လွင်)*

ဘဝ တစ်ကွေ့မှာ မင်းနဲ့အတွေ့ ၊ သစ္စာချင်းအပ် ထိကပ်ရင်းနှီး
မောင်နှမ တွေလို ဘုရားကျောင်းအိုမှာ ၊ သီချင်းတွေဆိုလိုက်
တရားတွေဟောလိုက် ၊ အမှုတော်ဆောင်ခိုက်
စကားတွေ တဖျစ်တောက်တောက် ၊ အလုပ်တွေ ဆတ်ဆတ်တောက်တောက်
တရားတွေ ပြတ်ပြတ်တောက်တောက်ဟောခဲ့ပြီးမှ
အခုတော့များ ဧည့်ခန်းထဲက ၊ ခုတင်အပေါ်မှာ မင်းခန္ဓာက
ခပ်တည်တည်နဲ့ ငြိမ်နေပြန်ပြီကော ... ။ ။

---

### ထာဝရတည်သောနေ့ *စသာဆိန်(ပုသိမ်)*

အသစ်တွေက ဟောင်း ၊ ကြာညောင်းသွားတဲ့ နေ့ရက်တွေ
ပြန်ဆွေး ပြန်တွေးရင်း ၊ ကြေကွဲခြင်းတွေ ခဏ
ဝမ်းနည်းရတာ ရှိသလို ၊ ပျော်စရာ ခဏ
ကြည်နူးရတာလည်းရှိတယ် ၊ မတည်မြဲပါဘူး
စိတ်ကူးနဲ့ မြူးလည်း ခဏ ၊ ရင်ခုန်ခြင်းလည်း ခဏ
အရာရာဟာ ခဏပါဘဲ ၊ ကြုံဆုံခြင်းတွေ ခဏ
ကွေကွင်းခြင်းတွေ ခဏ ၊ လူ့ဘဝဆိုတဲ့ ဒီမြေမှာ
နေရတဲ့ ဒီခဏ ၊ လက်ပြရင်း လမ်းခွဲ
ရှေ့လာမယ့် နေ့စွဲတွေ ၊ ကြိုနေမယ် ထာဝရ ။ ။





### ဟေရှာယ ၅၅း၇ *ဆိုးစုငယ်* (L.K)

ဆိုးသောသူနဲ့ မတရားသောသူတို့
မိမိအကြံကို စွန့်ပစ်လို့ အထံတော်သို့ ပြောင်းလဲစေ။
ထိုသို့ပြုလျှင် ကိုယ်တော်ရှင် သနားတော်မူမည် အစဉ်။
ငါတို့အရှင် ဘုရားသခင် အထံတော်သို့ ပြောင်းလဲလျှင်
ခွင့်လွှတ်မှုရမည်၊ အထူးသဖြင့် ပြုမိခဲ့တဲ့ အဆိုးအညစ်။

---

### နွံထဲကလူသား *နန်းရထိုက်(ကနခ)*

လောကမြစ်ထဲမှာ ၊ မာန နဲ့ကူးခတ်ရင်း
ဘဝအတွက် လက်ပမ်းကျခဲ့တယ်
ဘဝဆိုတာ အခက်အခဲမရှိ ၊ လွယ်မယ်လို့ ထင်ခဲ့
အတ္တမာနနဲ့ငါ ၊ ထင်ရာကို စိုင်းခဲ့မိ
ဒုက္ခတွေနဲ့သောက ရောက်လည်း ၊ မောပန်းမှုတွေနဲ့
ခေါင်းငိုက်စိုက်လည်း ၊ မှောင်မိုက်လောကကို
သုခဘုံလို့ထင်မိ ၊ အပြစ်နွံထဲမှာ နစ်ရင်းနစ်ရင်း
ဒုက္ခ ရေစီးသံတွေ အသံမြည်လို့ ... ။

---

### မင်္ဂလာရှိသော အမွေဥစ္စာ *မာရာနသာ နီနီခိုင်*

ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနား တော်မူသော အမွေဥစ္စာဖြစ်ကြ၏။ (ဆာလံ ၁၂၇း၃) လို့ ဒါဝိဒ်က ရေးသားထားပါတယ်။ အမွေဆိုရင် လူတိုင်းက ကောင်းမွန်စွာ ထိန်းသိမ်းတတ် ပါတယ်။ မိဘများဟာ ကိုယ့်ရဲ့ သားသမီး များကို အရိပ်တကြည့်ကြည့် ဂရုစိုက်ပြီး လိုအပ် သမျှကို ဖြည့်ဆည်းပေးပါတယ်။ မိဘနေရာတွင် ထားပြီး ပေးသော သားသမီး များကို ဘုရားသခင်က ကောင်းမွန်စွာ သွန်သင်တတ်စေရန် နှုတ်ကပတ်တော်ဖြင့် သတိပေးထားပါတယ်။(ဖေက် ၆း၄)။

ဘုရားသခင်ဟာ မိမိရဲ့ သား သမီး များကို ငယ်စဉ်ကတည်းက ဘုရားနဲ့ အကျွမ်းဝင်တတ်ရန်၊ ဘုရားသခင်ကို ချစ်တတ်ရန်၊ ကြောက်ရွံ့ခြင်း၊ ခိုလှုံ ကိုးစားခြင်းမျိုးကို ဆုံးမ သွန်သင်တာကို အလိုရှိပါတယ်။ ဘယ်လို သွန်သင် ပေးရ မလဲဆိုရင်တော့ နှုတ်ကပတ်တော်က (တရားဟောရာ ၆း၄-၇) အိမ်မှာ နေစဉ်၌ ပင်လည်း ဘုရားသခင်ဟာ ဘယ်လောက်ကောင်းမြတ်သလဲ ချီးမွမ်းတတ်ဖို့၊ ခရီးသွား ရင် ဖန်ဆင်းရှင်ရဲ့လှပသော အံ့သြဘွယ်ကောင်းမှု၊ ကောင်းမွန်စွာ အိပ်ခွင့် နေခွင့် ပေးမှုအမျိုးမျိုးကို ပြောပြပြီး ဘုရားကိုချစ်ပြီး ချီးမွမ်းတတ်ရန် သွန်သင် ပေးရန်လို ပါတယ်။ ငယ်စဉ်ကတည်းက ဘုရားသခင်ကို သိကျွမ်းဖို့ရန်နှင့် ကြောက် ရွံ့ ချစ်တတ် အောင်သင်ပေးပြီး နှလုံးသားထဲမှာ အမြစ်စွဲသွားပြီဆိုရင် အသက် ကြီးလာတာနဲ့အမျှ သူတို့ရဲ့ ဝိညာဉ် အသက်တာဟာလည်း တိုးပွားလာမှာဖြစ်ပြီး မကောင်းမှုများကို ကောင်းမွန်စွာ ပိုင်းခြားသိတတ်လာမှာပါ။ ငယ်စဉ်ကဘုရားသခင်နဲ့ မိတ်ဆက် ပေးခြင်းဟာ (သုတ္တံ ၁း၇) အကောင်းဆုံး ပညာအရှိဆုံးဖြစ်အောင်လည်း သွန်သင် ခြင်းဖြစ်ပါတယ်။

သားသမီးကို ကောင်းမွန်စွာ မဆုံးမ တတ်လို့ အမင်္ဂလာ ဖြစ်ရသော သူတို့ရဲ့ မိသားစု အဖြစ်အပျက်ကို လေ့လာရာတွင် ကျမ်းစာ၌ ဧလိရဲ့ အသက်တာကို တွေ့ရပါ မည်။ (၁ရာ ၂) တစ်ခုလုံးကို ဖတ်ကြည့်ရင် သူတို့ရဲ့ အသက်တာကို တွေ့ရပါမည်။ ဧလိသားတို့သည် ထာဝရဘုရားကိုမသိ အဓမ္မလူဖြစ်ကြ၏။ ထိုသူက ဆီဦးအရင် မီးရှို့ပါရစေ၊ နောက်မှ ယူချင်တာယူပါဟုဆိုလျှင်။ မဟုတ်ဘူး ယခုပေးရမည်၊ သို့မဟုတ် အနိုင်ယူမည်ဟု ပြောဆိုတတ်၏။ ဧလိရဲ့သားတို့ဟာ ထာဝရဘုရားကို မသိတဲ့အတွက် ကြောက်ရွံ့ခြင်း၊ ရိုသေခြင်း မရှိ၊ ဘုရားကို မပူဇော်ရသေးပဲ မိမိတို့က လူများဆီမှာ အနိုင်ကျင့်ပြီး ယူတတ်ပါတယ်။ ဖခင် ဖြစ်သူ အသက်ပိုကြီးလေ ဖခင်ရဲ့ စကားကို လုံးဝ နားမထောင် ပြုချင်တိုင်းပြုကြ ပါတယ်။ ပရိတ်သတ်စည်းဝေးရာ တဲတော် တံခါးနားမှာ စည်းဝေးသော မိန်းမ များနှင့် မှားယွင်းကြပါတယ်။

ဧလိရဲ့ အိမ်သူအိမ်သားနဲ့ ဆွေမျိုး များကို ထာဝရဘုရား ဒဏ်ခတ်တော်မူပါ တယ်။ "သင်၏ လက်ရုံးနှင့် သင့် အဆွေအမျိုး၏လက်ရုံးကို ငါဖြတ်သော အချိန် ကာလရောက်လိမ့်မည်။ ပေးသော စည်းစိမ်ရှိရာ အိမ်ပေါ်မှာ ဘေးဥပဒ်ရောက်ကြောင်း



**သခင့်စကား** ဝိညာဉ်ရေး ရာ စာစောင် အမှတ်စဉ်(၉၃)။ မေလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံ အတွင်း ရှိ အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချီရန် **ကန့်သတ်** ထုတ်ဝေသည်။

ကို သင်မြင်ရလိမ့်မည်။ သင့် အမျိုးတွင် အိုသောသူ တစ်ယောက်မျှမရှိ၊ သင်၏ သားစဉ်မြေးဆက်တို့သည် အသက်ပျိုစဉ်ပင် သေရလိမ့်မည်။ သင်၏သား ဟောဖနိနှင့် ဖိနဟတ် တို့သည် တစ်နေ့ချင်းတွင် သေလိမ့် မည်။” သားသမီးများကို ကောင်းမွန်စွာ မဆုံးမ တတ်ခြင်းဟာ ဆွေမျိုးများအထိ အမင်္ဂလာ သက်ရောက် စေပါ တယ်။ ထိုသူ၏ သားတို့သည် ကိုယ်ယုတ်မာသည် တိုင်အောင် ကိုယ်ပြုသော ဒုစရိုက် အပြစ်ကို သူသိသော်လည်း ကျပ်တည်းစွာ မဆုံးမပဲ နေသောကြောင့် “သူ၏ အိမ်သားတို့၌ ငါသည် အစဉ်အမြဲ ဒဏ်ပေးမည်ဟု ငါပြောပြီ။ (၁ရာ ၃း၁၃) ဒီအဖြစ် အပျက်ကလေးဟာ သားသမီးကို ဘယ်လိုဆုံးမ သင့်သလဲဆိုတာကို လှပစွာ ဖော်ပြထားတဲ့ ကျမ်းချက် ကလေးတစ်ခုပါပဲ။ နှလုံးသွင်း ဆင်ခြင်ရန် လိုပါတယ်။ (သုတ္တံ ၂၉း၁၅)

သားသမီးများဘက်ကလည်း (သုတ္တံ ၂၃း၂၂) ဘုရားသခင်ရဲ့ အလိုတော်နှင့်အညီ သွန်သင်တတ်သောမိဘနှင့် မိဘစကားကို နားထောင်၍ မိဘကို ရိုသေစွာပြု၍ ကောင်းစားခြင်းနှင့် အသက်ရှည်ခြင်းကို ယုံကြည် သူအယောက်တိုင်း ပိုင်ဆိုင်ကြပါစေ။ ‖ **မာရာနသာ နီနီချိုင်**

---

## သက်သေခံချက် *ချော (ဖျာပုံ)*

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ဒီ စင်္ကာပူနိုင်ငံမှာ အလုပ်လာလုပ်တာ ၂နှစ် ပြည့်သွားပါပြီ။ ဘယ်လို အခက် အခဲ အတားအဆီး အမျိုးမျိုးတွေရှိခဲ့ငြားလည်း ဘုရားရှင်ဟာ ကျွန်မရဲ့ လက်ကိုဆွဲကိုင်ပြီး လမ်းပြပို့ဆောင်ပေးခဲ့ပါတယ်။ ကျွန်မ အထူးသက်သေ ခံစရာလေး တစ်ခုရှိ ပါတယ်။ အဲဒါကတော့ တလောက ရိုက်ခတ်သွားတဲ့ စီးပွားရေး ဂယက်ကြောင့် ကျွန်မတို့ (Han’s Cafe & Cake House Pte Ltd) company မှာ oversea ကအလုပ်လာလုပ်တဲ့ ဝန်ထမ်းတွေ Work Permit သက်တမ်း ထပ်တိုး လို့ မရတော့ဘူး ဆိုတဲ့ သတင်းတွေ ထွက်လာ ပါတယ်။ company က ကြိုးစားပြီး သက်တမ်း တိုးပေးသော်လည်း MOM မှ Reject လုပ်လို့ပြန်သွားရတဲ့ ဝန်ထမ်း (၃)ယောက်ရှိ သွားပြီဆိုတဲ့သတင်းကို ရလိုက်တဲ့အချိန်မှာ ကျွန်မလည်း ထူပူ သွားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မရဲ့ S pass permit ကပြည့်ဖို့ တစ်လ ကျော်ပဲ ကျန်နေလို့ပါ။ ကျွန်မ စိတ်တွေ အရမ်းလှုပ်ရှားပြီး နီးစပ်ရာ သူငယ်ချင်း တွေကို ဖုန်းနဲ့ခေါ်ပြီး အကျိုးအကြောင်းမေး၊ ဝိုင်းပြီးဆုတောင်းပေးကြပါလို့လည်း နားပူနားဆာ လုပ်မိပါတယ်။ ဒါတင် မကပဲ မြန်မာပြည်မှ မိဘဆွေမျိုးတွေဆီ ကိုလည်း ငိုယိုပြီး ဝိုင်း ဆုတောင်းပေးဖို့ ပြောပါတယ်။ လူတွေဝိုင်းပြီး နှစ်သိမ့် ပေးနေပေမယ့်လည်း ကျွန်မငြိမ်သက်ခြင်း မရရှိခဲ့သေးပါဘူး။ ဒါနဲ့ နောက်ဆုံး ဘုရားရဲ့ ခြေ တော်ရင်းကို တိုးဝင်ပြီး ကိုယ်တော် သမီးကို စွန့်မပစ်ပါနဲ့။ ကိုယ်တော်ရှင် သည် အရာအားလုံးကို တတ်နိုင်တဲ့အရှင်ဖြစ်ပါတယ်။ ဒီကနေ့ ကိုယ်တော် ရှင်ရဲ့ ဘုန်းတော်ဟာ MOM ရုံးမှာထွန်းတောက်ပြီး အဲဒီရုံးမှာရှိတဲ့ Staff တွေရဲ့စိတ်နှလုံး၊ ဆုံးဖြတ်ပိုင်ခွင့် အားလုံးကို ကိုယ်တော်ရှင် ပိုင်ပါ၏။ ကျွန်မရဲ့ S pass permit သက်တမ်းတိုးဖို့ကိစ္စ ကိုယ်တော်လက်တော်ထဲ အပ်နှံပါ၏။ ကိုယ်တော်ရှင် လုပ်ဆောင်ပေးဖို့ အပ်နှံခဲ့သလို သက်တမ်းတိုးခွင့်ကို ကိုယ်တော် ရှင် ပြင်ဆင်ပေးလျှင် သခင့်စကားစာစောင်တွင် သက်သေခံပါမယ် လို့ ဂတိ ပေးခဲ့ပါတယ်။ ဘုရားသခင် ကျွန်မကို အဖြေပေးခဲ့ပါတယ်။ အံ့ဩ ဖွယ်ရာပါပဲ ကျွန်မကို ရုံးချုပ်က မန်နေဂျာက ခေါ်ပြောပါတယ်။ ကျွန်မရဲ့ S pass permit ကို ကောင်းမွန်စွာ သက်တမ်းတိုးပြီးပါပြီ ဆိုတဲ့အကြောင်း၊ ဒါတင်မကပဲ အရင်က ကျွန်မတို့ company မှာ local ဝန်ထမ်း (၃)ယောက် လောက်ရှိမှ oversea က ဝန်ထမ်း (၁)ယောက် ခန့်ခွင့်ရှိခဲ့တယ်။ အခု local ဝန်ထမ်း ၅၀%နဲ့ oversea က ဝန်ထမ်း ၅၀% ခန့်ခွင့်ရတယ်လို့ မန်နေဂျာက ပြောပါတယ်။ ဒါတင်မကသေးပါဘူး ကျွန်မရဲ့ မိတ်ဆွေ တစ်ယောက်ကိုလည်း အလုပ်လာလျှောက်ခွင့် ပေးခဲ့ပါတယ်။ အခုဆိုရင် ကျွန်မရဲ့ မိတ်ဆွေလည်း ကျွန်မရဲ့ company မှာ S pass permit လျှောက်လို့ အောင်မြင်သွားခဲ့ပါတယ်။ နောက်လမှာ သူလည်း ဒီစင်္ကာပူနိုင်ငံမှာ လာရောက်ပြီး အလုပ်လုပ်ကိုင်ခွင့်ကို ရရှိသွားပါပြီ။ ဘုရားသခင်ကျွန်မကို (သုတ္တံ ၈း၁၄,၁၅) နဲ့စကားပြောခဲ့ပါတယ်။ ကိုယ်တော်ရှင်၏ ကောင်းမြတ်သည့်အကြောင်း အနည်းငယ် သက်သေခံ ဝေမျှရင်း အားလုံးအပေါ် ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာ သက်ရောက်ပါစေလို့ ဆုတောင်းရင်း ...။ ‖ *ချော (ဖျာပုံ)*

---

## *ဘုရားသခင်ကိုလိမ်ညာနေသလား* **Mary** (ဖျာပုံ)

လောကလူသားတွေ အသက်ရှင်နေကြစဉ်အခိုက်မှာ အကြောင်း အမျိုးမျိုး ကြောင့် မဖြစ်မနေ တစ်ယောက်နဲ့တစ်ယောက် “မုသားမပါ လင်္ကာ မချော” ဆိုတဲ့ စကားအတိုင်း လိမ်ညာပြောဆို မိကြမယ်ဆိုတာ သေချာတွက်လို့ ရပါတယ်။ ဒါပေမဲ့ ကျွန်မတို့လူသားအချင်းချင်း တစ်ယောက်နဲ့တယောက် ဘယ်လိုမှ ကြီးကြီး မားမား အပြစ်ပေးလို့ မရကြပါဘူး။ ခရစ်ယာန်တွေ တစ်ယောက်နဲ့ တစ်ယောက် လိမ်ညာမိခဲ့ကြရင်” အသိခေါက်ခက် အဝင်နက် ဆိုတဲ့ စကားအတိုင်း စိတ်မကောင်း စရာပါဘဲ။

တမန်တော်ဝတ္တု ၅း၁–၁၁မှ အာနနိရဲ့ ရှဖိရေအကြောင်း စဉ်းစား ကြည့်ကြ ပါစို့။ အာနနိအမည်ရှိ သော ယုံကြည်သူတစ်ယောက်ရှိ၏။ သူ၏ ဇနီး အမည်မှာ ရှဖိရေဖြစ်၏။ အာနနိသည် သူ၏ မြေကွက်ကိုရောင်းလိုက်၏။ သို့ရာ တွင် ရရှိသော ငွေ၏တချို့တစ်ဝက်ကိုသာ တမန်တော်များအားပေးအပ် ကာ ကျန်ငွေကို မိမိအတွက်လျှို့ဝှက်စွာ သိမ်းဆည်းထား၏။ ထိုအကြောင်းကို ဇနီး ဖြစ်သူ ရှဖိရေက လည်းသိ၏။ သူမသည်လည်းအလိုတူအလိုပါဖြစ်၏။ ထိုအခါ ပေတရုက “အာနနိ သင်ဘာဖြစ်လို့သင့် နှလုံးသားထဲ စာတန် (နတ်ဆိုး)ကို ဝင်ခွင့်ပြုရသလဲ။ သင်က သန့်ရှင်းသော ဝိညာဉ်တော်ကို လိမ်ပြီးလှည့်ဖြား (အရှုးလုပ်) ဖို့ကြိုးစားခဲ့တယ်။ သင့်မြေကွက်ကို ရောင်းချပြီး သင့်အတွက် ငွေတစ်ချို့ကို ဘာကြောင့် ချန်ထားရသလဲ၊ အဲဒီမြေကွက်ကို မရောင်းခင်တုံးက သင် ပိုင်ဆိုင်ခဲ့တယ် မဟုတ်လား။ ရောင်းချလို့ရတဲ့ငွေကိုလည်း သင်ပိုင်ဆိုင်တယ် မဟုတ်လား၊ အဲဒီငွေကို သင်ကြိုက်သလိုသုံး နိုင်တယ်။ ဒါပေမယ့် ရောင်းရတဲ့ငွေ အားလုံးကို ပေးပါတယ်ဆိုပြီး ဘာကြောင့်လိမ်ရတာလဲ။ သင်က ငါတို့လို လူတွေကိုဘဲ လိမ်တာ မဟုတ်ဘူး။ ဘုရားသခင်ကို လိမ်တာဖြစ်တယ်” ဟု ပြောလိုက်၏။ ထိုစကားကို ကြားရသောအခါ အာနာနိသည် လဲကျသေဆုံး သွားလေသည်။ လူအချို့ ရောက်လာကြပြီး သူ၏ ခန္ဓာကိုယ်ကို အဝတ်နှင့် ပတ်ရစ်၍ သယ်ဆောင်သွားကာ။ သင်္ဂြိုလ်လိုက်ကြသည်။ ထိုအကြောင်းကို ကြားသိ ကြ သောအခါ လူတိုင်းကြောက်ရွံ့ကြ၏။ ထိုသို့ ဖြစ်ပျက်ပြီး သုံးနာရီ ခန့်ကြာသောအခါ သူ၏ ဇနီး (ရှဖိရေ) ရောက်လာသည်။ ရှဖိရေသည် သူမ၏ ယောကျာ်း၌ မည်သို့ဖြစ်သွားသည်ကို လုံးဝမသိချေ။ ပေတရုက သူမကို “သင်တို့ မြေကွက် ရောင်းတာဘယ်လောက်ရသဲ။ ငါ့ကိုပြောပါ။ (အာနာနိ ပြောခဲ့သည့် အတိုင်း) အဲဒီလောက်ရတယ်ဆိုတာ ဟုတ်ရဲ့လား” ဟုမေးရာ ရှဖိရေက “ဟုတ်ပါ တယ် ကျွန်မတို့ မြေကွက်ရောင်းတာ အဲဒီလောက်ပဲရပါတယ်” ဟုဖြေ၏။

ထိုအခါပေတရုက သူမကို သင်တို့လင်မယားနှစ်ယောက်စလုံးက ဘာကြောင့် ဘုရားသခင်ရဲ့ ဝိညာဉ်တော်ကို စုံစမ်းချင်ကြတာလဲ။ နားထောင်ကြပါ။ ခြေသံတွေကို သင်ကြားရတယ်မဟုတ်လား။ အဲဒါသင့်ယောကျာ်းကို သင်္ဂြိုလ်ပြီး ပြန်လာကြတဲ့လူတွေရဲ့ ခြေသံပဲ။ အခုသူတို့တံခါးဝကို ရောက်လာ ကြပြီ သင့်ကို လည်း အဲဒီလိုအပြင်ကို သယ်ဆောင်သွားကြလိမ့်မယ်”ဟု ပြောလိုက်၏။ ထို အချိန်မှာပင် ရှဖိရေသည် ပေတရု၏ ခြေရင်း၌ လဲကျကာ သေဆုံးသွားလေသည်။ လူငယ်များ ရောက်လာကြသောအခါ သူမ သေနေသည်ကို တွေ့ကြရသည်။ လူငယ်များက သူမ၏ အလောင်းကို သယ်ဆောင်သွားကြပြီး။ သူမ၏ ယောကျာ်း အလောင်း မြုပ်နှံရာဘေးတွင် သူမကို မြုပ်နှံလိုက်ကြ၏။ ယုံကြည်သူများနှင့် ထို အကြောင်းကို ကြားသိရသောသူအားလုံး ထိတ်လန့် တုန်လှုပ်ကြလေသည်။

ချစ်သော မိတ်ဆွေများ ဤအကြောင်းအရာလေးကို သိရှိကြပြီးသားပါ။ ဒီနေ့ ဒီအချိန်ဒီနာရီမှာ ဘုရားရှင်ဟာ ကျွန်မကိုဒီအကြောင်းအရာရေးသားဖို့ ဝိညာဉ် တို့ထိသလို ရေးနိုင်ဘို့ ကုန်ကြမ်းထုတ်ပေးသော ရင်းနှီးစွာ အားပေးနေရသောသူနှစ်ဦးနဲ့အတူ သိခါစ မရင်းနှီးသေးသော သူတစ်ဦးတို့အား ကျေးဇူးတင်ပါတယ်။ ကျွန်မတို့တွေ လူသားအချင်းချင်း ဘယ်လိုနည်း တွေနဲ့ လိမ်ညာနေကြပါသလဲ။ ဘုရားသခင်ကို လည်း ကျွန်မတို့ဘာတွေ လိမ်ညာမိနေပြီလဲဆိုတာ ပြန်လည် စဉ်းစားသုံးသပ်ကြည့်ကြပါစို့။ ဘုရားရှင်ကို ကျွန်မတို့ လိမ်ညာမိရင်တော့ အာနနိနဲ့ ရှဖိရေလို ကြုံဆုံရမယ်ဆိုတာ သတိရပါ။ **Mary** (ဖျာပုံ)

---

## *အန်တီစတဲလာနှင့်ကျွန်မ* *(ဇင်မာ-ပုသိမ်)*

တစ်ခုသော ည၊ အပြာရောင် ညတစ်ညပေါ့။ ကောင်းကင်တစ်ခုလုံး တိမ်တွေက ဖုံး၊ လက မသာ။ မစုံတစုံကြယ်များက ဟိုတစ်စု ဒီတစ်စု မှိတ်တုတ် မှိတ်တုတ်။ ထိုစဉ် အိမ်ရှေ့ ကတ္တရာလမ်းဘေးဆီက ခရေပန်းရနံ့ သင်းသင်းလေးတွေက လေအဝှေ့မှာ ရှိုက်ခနဲ၊ ရှိုက်ခနဲ၊ အရှိန်နဲ့ ကျွန်မ အဆုတ်တွင်းဆီသို့ ဆောင့်သွင်း လိုက်သလို ခံစားမိတဲ့ ရသတစ်ခု၊ ထိုည အန်တီစတဲလ်လာနှင့် စကား ပြောခဲ့သောည။ သောကြာနေ့တိုင်း Club (သို့) ဒစ်စကိုမှာ သွားကလေ့ရှိတဲ့ သူဌေး လင်မယားက ၈ နာရီထဲက အိမ်မှ ထွက်ခွာသွားကြပြီ။ သားနှင့်သမီးကတော့ ညနေကတည်းက ထွက်သွားလိုက်ကြတာ ဧကန္တ သူတို့ချစ်သူများနှင့် တွေ့နေ လိမ့်မည်။ ဒီတစ်ညတော့ စောစောပဲ အနားယူရမည်ဖြစ်သောကြောင့်


**သခင့်စကား** ဝိညာဉ်ရေးရာစာစောင်အမှတ်စဉ်(၉၃)။ မေလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိအသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

မြန်မာပြည်က မေ့မေ့ထံ စာရေးလိုက်အုံးမယ်ဟု ကြံရွယ်နေတုန်း။“ကလင် ကလင် ကလင်” ဟု အဆက်မပြတ် ဖုန်းမြည်သံကြောင့် ‘ဟဲလို’ဟုထူးလိုက်ရာ၊ တဖက်မှ ‘မေဟောင် မရှိဘူးလား’ ‘မရှိပါဘူးရှင် ကလပ်မှာ သွားကနေပါတယ်’ “အော် အန်တီက နင့်မဒမ်ရဲ့ သူငယ်ချင်းပါ။ ဖုန်းဆက်တိုင်း တစ်ခါမှ မကိုင်တော့” ‘မဟုတ်ပါဘူး အန်တီ၊ မဒမ် အလုပ်များနေလို့ပါ’ဟု ကျွန်မက ခပ်သွက်သွက်လေး ဖြေမိတော့ ‘ထားပါတော့ မင်းကလေးက ဘယ်ကလဲ နာမည်ဘယ်လို ခေါ်သလဲ’ ဟုဆိုပြီး စပ်စပ်စုစု မေးလာတော့။ ‘မြန်မာပြည်ကပါ’လို့ ပြောမှ ‘အော် မြန်မာပြည်က ကိုး’တဲ့။

ထိုမှစ၍ သူ့ကိုယ်သူ စတင်၍ မိတ်ဆက်ပါသည်။ ‘ငါ့နာမည်က စတဲလ်လာပါ။ ငါက အသက်ကြီးပြီကွဲ့’ ဆိုပြီး သူမ လေသံတွေ အားငယ် သယောင် စကားလုံးတွေက ဖွင့်ဟဖို့ ခက်ခဲစွာ လည်မျိုမှာ တစ်ဆို့နေသလို။ ‘ငါက တစ်ယောက်တည်းနေတာ။ သားတွေသမီးတွေကလည်း အိမ်ထောင်ကွဲ သွားပြီ။ ငါ့ယောကျ်ားကလည်း သူ့သီးသန့်အိမ်မှာ နေတယ်’ဟု ဆိုရာ သူမ စကားကို ဖြတ်၍ ‘ဘာလဲ အန်တီ့ယောကျ်ားက နောက်အိမ်ထောင်ပြု သွားလို့လားဟင်’ ‘ဟယ် နင်ကလေ ငါတောင် မပြောရသေးဘူး တယ်ပြီး စကား သွက်တဲ့ ကလေးမ ပါလား။ အေးငါနင်နဲ့ စကားပြောရတာ ပျော်သလို ရှိသားဟဲ့’ ဟုဆိုပြီး လေသံက အနည်းငယ်ထူးခြားစွာ အရှိန်မြင့်တက်လာကြောင်း မိုက်က ရှိဖုန်းမှ တဆင့် ကျွန်မ တွေးဆမိလိုက်ပါတယ်။ အန်တီစတဲလ်လာနှင့် ကျွန်မ မရည်ရွယ်ဘဲနှင့် အချိန်တိုတိုအတွင်း ရင်းနှီးသွားပါသည်။ သူမ၏ ဘဝ ကြေကွဲမှု၊ ဖြစ်စဉ်လေးများကို အနည်းငယ်မျှ သိခွင့်ရခဲ့သလို ထပ်တူထပ်မျှ ရင်ထဲမှ ခံစားခွင့်ရ၍ သူမ ဘဝအတွက် အရှင်းဆုံးပြောရမည်ဆိုလျှင် သူမ၏ အနာဂတ် အတွက် ဘုရားသခင်၏ အကြံအစည်တော်များရှိနေပါကြောင်း၊ စိတ် မပျက် အားမငယ်သင့်ကြောင်း အားပေးမိခဲ့ပါသည်။

သူမ ပြောပြပုံအရ သူမသည် ယောကျ်ားနှင့် သားသမီးများကို အလွန် ချစ်ကြောင်း ခုတော့ အားလုံးက သူမနှင့်ဝေးရာသို့ ရှောင်ခွာသွားကြကြောင်း။ စိတ်ထိခိုက် စွာပြောရင်း ‘ငါကလေ အရင်ကဆို ပျော်ပျော်ရွှင်ရွှင်ပဲ၊ ဘုရားကျောင်း သွားခဲ့တယ်။ အဲဒီနေ့ကကွယ် တို့မိသားစုလေးရဲ့ ၁ ပတ်တာ ထမင်းစား ပွဲလေး အတွက်ငါ့မှာ ပြင်ဆင်ပြီး ငါ့ယောကျ်ား ကြိုက်တတ်တဲ့ အမဲသားနှင့် ကိုက်လန်ရွက်ကြော်ရယ်။ ငါ့သားလေး ကြိုက်တဲ့ ဂဏန်းပေါင်းရယ်။ ငါ့သမီး ကြိုက်တဲ့ ကြက်တောင်ပံကြော်လေးရယ် ဖွယ်ဖွယ်ရာရာ ချက်လို့ အဲဒါနဲ့ ည ၁၂ နာရီထိ ငါ စောင့်နေခဲ့တယ်။ ဘယ်သူမှ ပြန်လာပြီး မစားကြဘူး။ အဲဒီနေ့က နောက် မိန်းကလေးနဲ့ သူက ဆိုင်မှာသွားစားတာကိုး။ သားသမီးတွေကလည်း ချစ်သူ တွေနဲ့ အပြင်မှာပဲ စားကြတော့။ ငါ့မှာလေ ဝမ်းနည်းလိုက်ရတာကွယ်။ ငါဟာ စိတ် အရမ်းထိခိုက်ကြေကွဲခဲ့ရသလို အရူးမကြီး တစ်ယောက်လို အော်ငိုပစ် လိုက် တယ်။ ပြီးတော့ ငါ့ဘဝကြီးကို ဖြစ်နိုင်ရင် အမှုန့်ကြိတ်ပြီး လုံးချေပစ်လိုက်ချင် တယ်။ ကလေးမရယ်တဲ့။

ထားပါတော့ နင်က ခရစ်ယာန်လား၊ ဗုဒ္ဓဘာသာလားဆိုပြီး သူမ စကားကိုဖြတ်၍ မေးရာ “ဟုတ်ကဲ့ ကျွန်မ ခရစ်ယာန်ပါ” ‘နင် အင်္ဂလိပ်စာ ကျွမ်းကျင်ရဲ့လားလို့’ မေးကာ ‘ကျွန်မ သိပ်မကျွမ်းကျင်ပါဘူးရှင်၊ အခုလောလော ဆယ် လေ့လာနေဆဲပါ’လို့ဆိုတော့ ‘နေအုံး ငါနင့်ကို Bible တစ်အုပ် လက်ဆောင် ပေးမယ်’တဲ့။ ဒါနဲ့ ကျွန်မလည်း မဿဲ ၆း၉–၁၃ ကို သူမအား အင်္ဂလိပ်လို ဆုတောင်းပြီး ရွတ်ပြတော့။ ဒါနဲ့ အန်တီ ဘုရားကျောင်း မသွားဘူးလားဟင်လို့ မေးမှ ‘ငါလား လုံးဝမသွားတော့ဘူးကွဲ့။ ငါနဲ့ ငါ့ယောကျ်ားက အရင်တုံးက အတူတူ သွားကြတယ်။ နောက်ပိုင်းတော့ ငါ့ကို ဘုရားက ပစ်ပယ်လိုက်ပြီ ထင်ပါရဲ့။ ပြီးတော့ ငါအခုနေ ဘုရားကျောင်းသွားရင် ငါ့မိတ်ဆွေတွေက ငါ့ကိုဝိုင်းပြီး လှောင်ပြောင်ကြမှာ ကျိန်းသေပဲ’ဟု ညည်းပြီး ပြောတော့ ကျွန်မကလဲ ‘အန်တီရယ် အန်တီ့မိတ်ဆွေတွေက ယုံကြည်သူတွေ မဟုတ်လား သူတို့က ကရုဏာရှိပြီး ဝိုင်းဝန်း ဖျောင်းဖျအားပေး နှစ်သိမ့်ကြမှာပါ။ အန်တီ အထင်မမှားပါနဲ့၊ ပြီးရင် Bible လည်းမှန်မှန်ဖတ်ပါ’ ဟု သူမအား အားပေးရင်း ‘အို ငါက Bible ဖတ်စရာ မလိုဘူးကွဲ့ အစအဆုံး ငါရပြီးသား’တဲ့လေ။ “ငါပြောပြမယ် ကလေးမရဲ့ အရင် တုံးက ငါ့ဆီမှာ အဆောင်အယောင်တွေ ရာထူးတွေရှိတော့ ငါ့ပတ်ဝန်းကျင် အထူးသဖြင့် သူငယ်ချင်းတွေက ငါ့ကို စကားပြော ဆက်ဆံခဲ့တယ်။ အဲ ငါ့ကို သစ္စာ မြဲမြဲ ရှိတာဆိုလို့ မနှစ်က ငါမွေးထားတဲ့ ကြောင်မလေးရယ်။ ငါ့ခွေးအို မကြီးရယ်ပဲ ရှိတော့တယ်။ ငါ့ခွေးလေး က အိုနေပြီကွယ် အစာမစားနိုင်လို့ ငါ ခွံ့ကျွေးနေရတယ်။ သူတို့ဟာ ငါ့အဖေါ်၊ ငါ့ဘဝပေါ့” မဟုတ်တာ အန်တီရယ် အချိန်တန် အဲဒီခွေးအိုမကြီးလည်း သေမှာပဲ၊ အဲအန်တီ့အပေါ်အမြဲသစ္စာရှိတာ ဘယ်သူလဲသိ လားဟု ကျွန်မက အသံခပ်မြင့်မြင့်နဲ့ ပြောပြီး “အန်တီ ကိုးကွယ်တဲ့ ဘုရားပဲ” ကျွန်မလည်း အန်တီ လောက် Bible တစ်အုပ် အစအဆုံး အလွတ်ရသူ မဟုတ်ပါဘူး အန်တီလောက် ပညာ အရည်အချင်းမရှိပါဘူး။ ဒါပေမယ့် ကျွန်မ သိတဲ့ ကျွန်မတတ်တဲ့ ဉာဏ်လေး နဲ့ပဲ ပြောပါရစေ။ အန်တီရယ်ဟု အင်္ဂလိပ်လို ဘွတ်ရွတ်နဲ့ ပလုံးပထွေးရောနှောပြီး ပြောရင်း ဓမ္မဟောင်းကျမ်း စာထဲမှာပါတဲ့ သူဌေးကြီး ယောဘ အကြောင်း အန်တီ သိတယ်နော်။ အဲ့ဒီ ယောဘဟာ စုံလင်ဖြောင့်မတ်ခြင်း ရှိပြီး ဘုရားကို ကြောက်ရွံ့သောသူ၊ မကောင်းသော အကျင့်ကို ရှောင်သော သူဖြစ်၏လို့ ဆိုပါတယ်။ သူ့မှာရှိသမျှ စည်းစိမ် ဆုံးရှုံး၊ သားသမီး လည်း သေဆုံး၊ ရောဂါလည်း ဖြစ်၊ သူ့လောက် လူဖြစ်ရကျိုး မနပ်တဲ့ဘဝမှာ သူဟာ ဘုရားရှင်အပေါ်သစ္စာရှိ ခဲ့တယ်။ အဲနောက်ဆုံးမှာတော့ အရင်ကထက် နှစ်ဆသော ကောင်းကြီးနှင့် အသက်လည်း ကြာရှည်စွာ နေခွင့် ဘုရားက ပေးခဲ့တယ်လေ။ အခု အန်တီ့ဘဝဟာ သူ့လောက် ကြီးကြီးမားမား ရင်မဆိုင်ခဲ့ရပါဘူး” ‘ကဲ ကလေးမလေးရေ တို့စကားပြောတာ နာရီဝက် မကတော့ဘူး ငါနင်နဲ့ နောက်တစ်ခါ ဆုံချင်သေးတယ်။ သွက်လိုက်တဲ့ မိန်းကလေး၊ နင် ငါ့အိမ်ကို အလည် လာခဲ့ပါလား။ ငါ့အိမ်က Woodland မှာ။ နင်ဘယ်တော့ အားမလဲ’ ဟု လိုက်လိုက် လှဲလှဲကြိုဆို ဖိတ်ခေါ်ရင်း “ဟုတ်ကဲ့ တစ်လမှ ပထမအပါတ် တနင်္ဂနွေ တစ်ရက်ဘဲ အားပါတယ် အန်တီ” ဟု ပြောဆိုရာ ‘ကောင်းပြီ See You Bye Bye’ ဟုဆိုကာ အန်တီစတဲလ်လာ ဖုန်းချသံကို “ဒေါက်ခနဲ” မြည်လိုက်တာ ကျွန်မ ကြားလိုက်ရပါသည်။

ကျွန်မသည် သင်းအုပ်ဆရာလည်း မဟုတ်။ ကျမ်းစာ သင်တန်းလည်း တက်ဖူးသူ မဟုတ်ပါ။ ယုံကြည်သူ ခရစ်ယာန် သာမာန် မိန်းကလေး တစ်ဦးပါ။ အဲဒီညကတော့ ထိုအမျိုးသမီးကြီးနှင့် သမ္မာတရားနှင့်ယှဉ်သော စကားတချို့ ပြောခွင့်ရခဲ့ပါသည်။ အန်တီစတဲလ်လာ တစ်ယောက် အထီးကျန်မှု ဝေဒနာများ လျော့ပါးနိုင်ပါစေ။ ပြီးတော့ မှန်ကန်တဲ့ အလင်းတန်း တစ်ခုကို ပိုင်ဆိုင်နိုင်ပါစေ ဟူ၍ သာ ဆုတောင်းရင်း အဲဒီတစ်ညတော့ ကျွန်မလည်း အနားယူ အိပ်စက်ကာ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ပေ။ ။ (ခင်မာ-ပုသိမ်)

---

## ဘုရားသခင်ကငါ့ကိုဘာ့ကြောင့်လိုချင်ရတာလဲ (ဘာသာပြန်) မင်းအောင်သက်လွင်

ငါက မပြည့်စုံတဲ့ သူတစ်ယောက်ပါ။ ငါ့မှာ ပြဿနာပေါင်းစုံ ရှိတယ်။ ငါ့မှာ အပြစ်တွေ ရှိတယ်။ ငါ့မှာ အသုံးမကျခြင်းတွေ ရှိတယ်။ ငါ့မှာ ယုတ်ညံ့ခြင်းတွေ ရှိတယ်။ ငါ့မှာ မစုံလင်ခြင်းတွေ ရှိတယ်။ ငါ့မှာ အားနည်းချက်တွေ ရှိတယ်။

ငါ့မှာ ဘာ အစွမ်းအစမှ မရှိဘူး။ ငါ့မှာ ဘာ အရည်အချင်းမှ မရှိဘူး။ ငါ့မှာ ဘာ ပစ္စည်းဥစ္စာမှ မရှိဘူး။ ငါ့မှာ ကိုယ်ကျင့်တရားမရှိဘူး။ ငါ့မှ အသိုင်းအဝိုင်း မရှိဘူး။ ငါ့မှာ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်တွေ မရှိဘူး။ ငါ့မှာ ကောင်းတာ ဘာမှ မရှိဘူး။

ဒီလောက်တောင် ဘာမှ မရှိ၊ ဘာမှ အသုံးမဝင်၊ ဘာမှ မတတ်။ ဘာမှ မကျွမ်းကျင်။ ဘာမှ အသုံးမတည့်တဲ့ ငါ့ကို ဘုရားသခင်က ဘာ့ကြောင့် လိုချင်ရတာ လဲ။

ကောင်းပြီ။ မင်းဆီမှာ အဲဒီလို သိမ်ငယ်စိတ်၊ အားငယ်စိတ်တွေ ဝင်နေရင် မင်းလိုဘဲ အသုံးမကျသော်လဲ ဘုရားသခင် အသုံးပြုခဲ့တဲ့ သူတစ်ချို့အကြောင်း ငါ ရေးသား တင်ဆက်ပြပါ့မယ်။

‘ပရောဖက်ကြီး ဟောရှေ’ရဲ့ မိန်းမ က ပြည့်တန်ဆာမ တစ်ယောက်ဘဲ။ ‘ပရောဖက် အာမုတ်’ဆိုရင် ဘာကျောင်း ဘာဒီပလိုမာမှ ရထားတာ မဟုတ်ဘူး။ ‘အာမုတ်’က သဘော်သဖန်းပင်အောက်က သဖန်းသီး ကောက်တဲ့ ဥယျာဉ်မှူး တစ်ယောက်ဘဲ။ ‘ယေရမိ’ကျတော့ စိတ်ဓါတ် ကျလွယ်ပြီး သူ့ကိုယ်သူ သတ်သေ ချင်တဲ့သူ။ ‘ဧလိယ’ ကျတော့ ဒေါသ ထွက်လာရင် မီးရှို့ ဖျက်ဆီးဖို့ဘဲ စိတ်ကူး ရှိတဲ့လူပေါ့။ ‘နောဧ’ကျပြန်တော့လဲ စပျစ်ရည်သောက်ပြီး အဝတ် ကိုယ်မှာ မကပ်ရ လောက်အောင် မူးရူးနေတဲ့သူပေါ့။ ‘အာဗြဟံ’ ကျတော့လဲ အိုမင်းမစွမ်း ဖြစ်နေတဲ့ အဖိုးကြီးလေ၊ ဘုရားကတိကို မယုံလို့ မိန်းမ ခိုင်းတာ လုပ်တတ်တဲ့သူပေါ့။ ‘ယာကုပ်’က လူလိမ်လူညာ၊ သူ့အဖေနဲ့ သူ့အစ်ကို သူ့ဦးလေး၊ လူ အားလုံးကို လိမ် ညာ ခဲ့တဲ့သူလေ။ ‘မောရှေ’ က အေးတိအေးစက်နဲ့ တက်ကြွဖျတ်လတ်မှု မရှိဘူး စကားထစ်ပြီး အပြောအဆို မသွက်လက်ဘူး၊ ဦးမဆောင်တတ်တဲ့ ခပ်တုံးတုံး လူ တစ်ယောက် ဆိုတာ မင်းသိရဲ့လား။ ‘မိရိအံ’ က အတင်း ပြောတတ်တဲ့ မိန်းမလေ။ ‘နောမိ’ ကျတော့ လင်ဆုံး၊ သားဆုံးပြီး ဘာမှမရှိတဲ့ အလကား အသုံးမကျတဲ့ မုတ်ဆိုးမကြီးပါ။ ‘ယောန’ ကတော့ ဘုရားခိုင်းတာကို မလိုက်နာဘဲ ထွက်ပြေးတဲ့ သူပေါ့ကွ။ ‘ဂိဒေါင်’က ဘုရားကို နိမိတ်လက္ခဏာ အမျိုးမျိုးပြခိုင်းပြီး စမ်းသပ်တဲ့ လူညံ့ တစ်ယောက်ဘဲ။ သိုးကျောင်းသား ‘ဒါဝိဒ်’ကျတော့လဲ တောကြိုအုံကြားက စာ



သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ်(၉၃)။ မေလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိအသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မတတ် ပေမတတ် တောသား သူငယ်နှပ်စား မလောက်လေး မလောက်စား သံချပ်ကာ အကျီတောင် မဝတ်နိုင်တဲ့ လူ့ဖလံကောင်လေး တစ်ယောက်ပေါ့။ ဘုရင်ကြီး ဖြစ်လာတဲ့ 'ဒါဝိဒ်'ကလဲ လင်ကိုသတ်ပြီး သူ့ မယားကို မတရားသိမ်းပိုက်ခဲ့တဲ့ မပြည့်စုံတဲ့ သူတစ်ယောက်ဘဲ။ 'ရှောလမုန် မင်းကြီးကလဲ သိပ်ချမ်းသာလွန်းပြီး မြားပွေတဲ့သူ၊ မိန်းမတွေ အများကြီး ယူထားတဲ့သူ တစ်ယောက်ဘဲ။

'သခင်ယေရှု' ကျပြန်တော့လဲ ခေါင်းချစရာ နေရာတောင် မရှိတဲ့ ဆင်းရဲသား လက်သမားသား တစ်ယောက်ဘဲ။ 'ယောဟန်မာကု' နဲ့ 'ပေါလု'တို့ က ဘုရားအမှုတော်ဆောင်ရင်း ရန်ဖြစ်ကြသေးတယ်။ 'တိမောသေ' ဆိုတဲ့ သူကလဲ ဘာမှတတ် တာ မဟုတ်ပါဘူး ကိုယ်တွင်းနာရောဂါရှိတဲ့ သူတစ်ယောက်ပါ။ 'ရှင်ပေတရု' ကျပြန် တော့လဲ ရောမ စစ်သားတွေ လာဖမ်းတော့ကြောက်အား လန့်အားနဲ့ ခြေမြန်လက်မြန် တုန့်ပြန် ဓါးနဲ့ ခုတ်တတ်ပြီး သေရမှာကြောက်လို့ ငြင်းဆန်ပြီး ထွက်ပြေးတာ တန်းနေတာဘဲ။ 'လာဇရု'က သေသွားပြီလေ။ 'ရှင်ယောဟန်'က တစ်ကိုယ်ကောင်းဖြောင့်မတ်သူပေါ့ကွ တလောကလုံးမှာ သူတစ်ယောက်ဘဲ သန့်ရှင်းဖြောင့်မတ်သူလို့ ထင်နေတဲ့သူပေါ့။ 'ရှင်ပေါလု'လား၊ သူ့ကျတော့ ဘာသာ ရေး တယူသန် အယူသည်းသမား၊ အသင်းတော်နဲ့ ခရစ်ယာန်တွေကို လိုက်ညှဉ်းဆဲ နေတဲ့သူပေါ့။ 'သောမတ်စ်' ကျပြန်တော့လဲ တစ်ချိန်လုံး သံသယတွေနဲ့ ဘာကိုမှ မတွေ့မြင် မထိစမ်းရရင် မယုံကြည်တတ်တဲ့သူပေါ့။ 'နှစ်ခြင်းဆရာ ယောဟန်' ကျတော့ ညစ်ညစ်ပတ်ပတ် နေတတ်ပြီး လေကြီးအာကျယ်တဲ့ သူပေါ့။ 'မာသ' ကျတော့ တစ်ချိန်လုံး စိုးရိမ် ပူပန် တတ်ပြီး အတိုင်အတောထူတဲ့ မိန်းမလေ။

ကဲ ကြည့်စမ်းပါအုံး။ အဲဒီ ဓမ္မဟောင်းနဲ့ ဓမ္မသစ်ကာလ တုံးက ဘုရားသခင် သုံးခဲ့တဲ့ အဲဒီ ပုဂ္ဂိုလ်တွေအားလုံးဟာ အားနည်းချက် ကိုယ်စီ၊ မစုံလင်မှု ကိုယ်စီ၊ မကျွမ်းကျင်မှု ကိုယ်စီ ရှိတယ် ဆိုတာကို ။

ဒါပေမဲ့ သူတို့ကို ဘုရားသခင်ရဲ့ အမှုတော်မြတ်ကြီးမှာ အသုံးပြုဖို့ ဘုရားသခင်က အင်တာဗျူး မလုပ်ခဲ့ပါဘူး။ အရည်အချင်းစစ် စာမေးပွဲ မဖြေခိုင်းခဲ့ပါဘူး။ အောင်လက်မှတ် ဘွဲ့လက်မှတ်တွေ မတောင်းခံခဲ့ပါဘူး။ သူတို့ရဲ့ ဝင်ငွေ၊ သုံးငွေ၊ လက်ကျန်ငွေ စာရင်းဇယားတွေ မတင်ပြခိုင်းပါဘူး။ သူတို့ရဲ့ လုပ်သက်နဲ့ အတွေ့ အကြုံကို ဦးစား မပေးခဲ့ပါဘူး။ ဘုရားသခင်ရဲ့ အမှုတော်ကို ဆောင်ရွက်ဖို့ လိုအပ်တာကတော့ ဘုရားသခင်ကို အကြွင်းမဲ့ချစ်ဖို့၊ ဘုရားသခင် အတွက် လုပ်ဆောင်ချင်တဲ့ ဆန္ဒနဲ့ သက်ဆုံးတိုင် သစ္စာရှိဖို့ဘဲ လိုအပ်ပါတယ်။ နောက်တစ်ခါ ဘုရားသခင်က မင်းကို ခေါ်ရင် ဘာမှ စောဒက တက်မနေဘဲ "သခင် ကျွန်ုပ် ရှိပါတယ်။ သခင့် ဘုန်းတော်အတွက် ကျွန်ုပ်ကို သုံးပါ "လို့ ရိုးရိုးလေး ဝန်ခံ အပ်နှံလိုက်ပါ။ ဘုရင် သုံးရင် 'ဓါးမတုံး'တောင် 'ထက်'ပါတယ်။ ။ *မင်းအောင်သက်လွင်*

---

## သက်သေခံချက် *မျှားကလေး (မိုးကုတ်)*

(ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ့်ဉာဏ်ကို အမှီမပြုနှင့်၊ သွား လေရာရာ၌ ထာဝဘုရားကိုမျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏ လမ်းခရီး ကိုပဲ့ပြင်တော်မူမည်။ သုတ္တံကျမ်း ၃း၅–၆)

ပထမဆုံး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ကျွန်မကိုချစ်သော ဘုရားသခင်ရဲ့ အကြောင်းကို ဝေမျှသက်သေခံခွင့် ရခဲ့လို့ အတိုင်းမသိ ဝမ်းသာ ကျေနပ်မိပါ တယ်။ ကျွန်မဟာ မိရိုးဖလာ ခရစ်ယာန်တစ်ယောက် ဖြစ်ခဲ့သလို သူငယ်ချင်းတွေက နှစ်ခြင်း ခံခဲ့လို့ အများနဲ့ ရောယောင်ပြီး နှစ်ခြင်းခံ ခဲ့ပေမယ့် အဲဒီအချိန်က ခရစ်တော် ကိုကယ်တင်ပိုင်ရှင်အဖြစ် အမှန်တကယ် လက်ခံရရှိမှု မရှိခဲ့တာကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ သိမြင်လာခဲ့ပါတယ်။ ကျမ်းစာအုပ်ကိုလည်း ကလေးဘဝ Sunday school တုန်းက ဆု လိုချင်လွန်းလို့ ကိုယ်ဖြေရမယ့် အပိုဒ်လောက်ကို ကွက်ကျက်ခဲ့ သလို လူငယ် ဖြစ်လာတော့လဲ ဓမ္မသီချင်းစာအုပ် နောက်က အပြန်အလှန်ဖတ်ဖို့ ကျမ်း ချက်တွေကလွဲရင် ဘယ်တုန်းကမှ စိတ်ဝင်တစား မဖတ်ဖြစ်ခဲ့ပါ။ သီချင်း ဆိုရတာကို အရမ်း နှစ်သက်တဲ့အတွက် လူငယ်သီချင်းကို ဝတ်ပြုချိန်မှာ ဆိုဖြစ်ခဲ့ရင်တောင် တရား ဟောတဲ့ အချိန်မှာ ဘုရားကျောင်း အပြင်ဘက်မှာ ထွက် ထိုင်ပြီး သူငယ်ချင်းတွေနဲ့ လေပေါ် နေတတ်တဲ့အမည်ခံ ခရစ်ယာန်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ဖူးပါတယ်။ ဘာ မဆို အနိုင်လိုချင်တတ်တဲ့အတွက် တခါတလေ အရှုံးနဲ့ ကြုံခဲ့ရင်တောင် ဘုရားသခင်ကို ဒေါသထွက် အပြစ်တွေ တင်လို့ မပြီးနိုင်ခဲ့ဘူး။ ၁၀တန်း အောင်တုန်းက သမီးအကြီး ဆုံး ဖြစ်တဲ့အတွက် မိဘတွေက ကျမ်းစာကျောင်းတက်ပြီး အမှုတော်ဆောင် တစ်ယောက် ဖြစ်စေချင်ခဲ့တာကို အကြီးဆုံး ဖြစ်တဲ့အတွက် "အကြီးဆုံးဖြစ်တိုင်း ဘုရား အမှုတော်ဆောင်လုပ်ရမယ်လို့ ဘယ်သူက ဥပဒေ ပေးထားလို့လဲ။ သူများ ပေးကမ်းတာကို မျှော်စားရ တဲ့အလုပ် မလုပ်နိုင်ပါဘူး"လို့ မိုက်ရိုင်းစွာ ပြန်ပြောခဲ့တဲ့ သမီးမိုက် တစ်ယောက်ပါ။ ဒီလိုနဲ့ပဲ ဝါသနာနဲ့ ကိုက်ညီတဲ့ ဓါတ်ပုံဆိုင် တစ်ဆိုင်မှာ လခစား အနေနဲ့ ဝင်လုပ်ဖြစ်တယ်။ အလုပ်ရှင်တွေက ခရစ်ယာန် မဟုတ်တဲ့အတွက် တစ်လမှ တစ်ခါ ပွဲတော် ယူခွင့်ရဖို့အရေး လျှာထွက်မတတ် ပြောခဲ့ရတယ်။ ဒါကြောင့် ဘုရားကျောင်းလဲ ပုံမှန် မတက်နိုင် ခဲ့ ပါဘူး။ ကျွန်မတို့ မြို့ရဲ့ အဓိက စီးပွားရေး ဖြစ်တဲ့ ကျောက်လုပ်ငန်းမှာလဲ တစ်ဖက်တစ်လမ်းကနေ နည်းနည်းစီ လုပ်ခဲ့ပါတယ်။ အရင်အခေါက်တွေ ရင်းနှီးငွေ နည်းနည်းနဲ့ စမ်းလုပ်ကြည့်တော့ တော်တော်လေး မြတ်တာနဲ့ အပိုင်တွက်ပြီး ကျွန်မရဲ့ ဓါတ်ပုံဆိုင်ရှင်တွေ ကိုပါ အစုရှယ်ယာ ထည့်ခိုင်းခဲ့ပါတယ်။ ဒုတိယ အခေါက်ထိ အဆင်ပြေခဲ့ပေမယ့် တတိယ အခေါက် မှာတော့ အမြတ်ရဖို့ဝေးလို့ အရင်းရဲ့ တစ်ဝက်တောင် ရဖို့ အနိုင်နိုင် ဖြစ်ခဲ့ပါ တယ်။ အရင် အလုပ်မစခင် ဆုတောင်းအပ်နှံပေးတတ်တဲ့ အမေ၊ အဲဒီ တတိယအခေါက်မှာတော့ မအားတာရယ်ကြောင့် ကျွန်မ ကိုယ်တိုင်လဲ ဆုတောင်းဖို့ မေ့လျော့ခဲ့မိပါတယ်။ သူတို့ ကတော့ သူတို့ရဲ့ ထုံးစံအတိုင်း 'ကျောက်ဘိုးဘိုး'ကို ပူဇော်ဖို့ မမေ့ခဲ့ပါဘူး။ကျွန်မ သက်တမ်းမှာတော့ အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်တဲ့အတွက် စိတ်ဓါတ်တွေ အတော်လေးကျ ပြီး ဆောက်တည်ရာ မဲ့ခဲ့ပါတယ်။ အလုပ်ထဲမှာလဲ အလုပ်ရှင်က သူ့ရဲ့ငွေတွေ ရှုံးသွားတဲ့ အတွက် မကြည်ဖြူတော့တာနဲ့ (၇)နှစ်ကြာလုပ်ခဲ့တဲ့ အဲဒီဆိုင်ကနေ ကျွန်မ အလုပ်ထွက် ခဲ့ပါတယ်။ အနာဂါတ်တွေ ဝေဝါးနေတဲ့ ကျွန်မဟာ ယောင်တိယောင်ချာနဲ့ ဘုရားကျောင်း ကို ရောက်သွားခဲ့ပါတယ်။ ၁၀တန်း အောင်ကတည်းက အလုပ်လုပ်ခဲ့တာဖြစ်လို့ အလုပ် လက်မဲ့ဖြစ်ရခြင်းရဲ့ ဝေဒနာ၊ ကိုယ့်ငွေအား၊ လူအားတွေ ရှုံးခဲ့တဲ့အတွက် ကျွန်မ ဘယ်သူ့ ကိုမှ ရင်မဆိုင်ချင်တာနဲ့ လူငယ်တွေနဲ့လဲ ရောနှောပြီး မထိုင်ဖြစ်ခဲ့လို့ တရားဟောတဲ့ အ ချိန်မှာ ဘုရားကျောင်းအပြင်ကို ထွက်မထိုင်ဖြစ်ဘဲ ဘုရားကျောင်းထဲ ထိုင်နေတဲ့အချိန်မှာ ကျွန်မ ဘဝကို ပြောင်းလဲပေးခဲ့တဲ့ တရားဟောချက်နဲ့ ကျမ်းပိုဒ်တွေကို ကြားနာခဲ့ရပါ တယ်။ ဘုရားသခင်ကို အတော်ကြာကြာ မေ့လျော့နေတဲ့ အချိန်တွေ၊ ကောင်းကြီးမင်္ဂလာ ခံစား ရတုန်းက ကျေးဇူးတော်ချီးမွမ်းဖို့ မေ့နေတဲ့အချိန်တွေ၊ မာနစိတ်တွေ ဝင်ပြီး မိုက်မဲ စော်ကား နေတဲ့ ကျွန်မကို ဘုရားသခင်က ချစ်လို့ ဒဏ်ခတ်ပြီး ဆုံးမတယ်ဆိုတာကို ခံ စား လာရပါတယ်။ ဟေပြဲ ၁၂း၅–၆၊ ၁၂း၁၁ ကျမ်းပုဒ်တွေအရ ဘုရားသခင်က ကျွန် မ ရှေ့ဆက်ပြီး မိုက်မဲနေမှာ သိလို့အပြစ်ပေးခဲ့ပါတယ်။ ယာကုပ် ၄း၁–၃

ကျွန်မ ဆုတောင်းတာတွေက လွဲမှားနေလို့ မရခဲ့ပါဘူး။ ကျွန်မနဲ့ မသင့်တော်တဲ့ ဆုတောင်း ချက်ကို ဘုရားက ငြင်းပယ်ခဲ့ပြီး၊ ဆုံးမခဲ့တယ်ဆိုတာ ကျွန်မ သိလာခဲ့ရပါ တယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့ ဆိုးမိုက်မှု၊ အလိုက် မသိတတ်မှုတွေကို ပြန်မြင်လာပြီး နှလုံး သားထဲက အမှန်တကယ် နောင်တစိတ်နဲ့ မျက်ရည်ကျပြီး တောင်းပန်ခဲ့ပါတယ်။ အိုး အဖ....သမီးရဲ့ ဆိုးမိုက်မှုတွေကို ခွင့်လွှတ်ပေးပါ။ ကိုယ်တော့်ကို သမီးဘဝရဲ့ ကယ် တင် ပိုင်ရှင်၊ အရှင်သခင်အဖြစ် လက်ခံပါတယ်။ သမီး ရှေ့ဆက်ရမယ့် အနာဂတ် အတွက် အကောင်းဆုံးလမ်းကို ပြင်ဆင်ပေးပါလို့ ဆုတောင်း ခဲ့ပါတယ်။ လုကာ ၁၅း၁၁–၂၀။ အဖဘုရားဟာ နောင်တစိတ်နဲ့ ပြန်လာတဲ့ ကျွန်မကို ဝမ်းသာ လှိုက်လှဲ စွာနဲ့ ကြိုဆိုနေမှာကို မြင်ယောင်မိပြီး စိတ်သက်သာမှု ရခဲ့ပါတယ်။ အဲဒီ ရက်ပိုင်းလေးမှာဘဲ ပွဲစားအန်တီနဲ့ စကားစပ်မိပြီး စင်္ကာပူကို (၃)လ အတွင်း ရောက်ခဲ့ပါတယ်။ ယောင်လို့တောင် မတွေးမိဘူးတဲ့ အလုပ်တစ်ခုနဲ့ နိုင်ငံရပ်ခြားကို ဖိလိပ္ပိ ၄း၆–၇ ကျမ်းပိုဒ်လေးနဲ့ ခွန်အားယူပြီး အခက်အခဲ ပြဿနာ ကင်းစွာနဲ့ ရောက်နိုင်ခဲ့ပါတယ်။ မိဘ မောင် နှမတွေနဲ့ တစ်ခါမှ မခွဲဘူးလို့ ခံစားရတဲ့ Home sick၊ ဆွေမျိုး သားချင်းဝေးလို့၊ အသိ မိတ်ဆွေတောင် မရှိတဲ့အတွက် lonely ဖြစ်မှု၊ ကျွန်မတို့လို အိမ်ဖော်တိုင်း တွေ့ကြုံ နေရတဲ့ ပြဿနာအခက်အခဲတွေကို ကျမ်းစာဖတ်၊ ဆုတောင်းရင်း အဖ ဘုရားပေးတဲ့ ခွန်အားတွေနဲ့ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါတယ်။ အလုပ်ရှင်တွေက ခရစ် ယာန်တွေပဲမို့ သူတို့နဲ့အတူဘုရားကျောင်းလိုက်သွားပြီး အပါတ်စဉ်ကိုးကွယ် ဝတ်ပြု ခွင့်ရခဲ့သလို၊ နေ့စဉ်ကျမ်းစာကို စိတ်ဝင်တစားနဲ့ ပုံမှန် ဖတ်ခွင့်၊ လေ့လာခွင့် ရခဲ့လို့ ဘုရား သခင်ရဲ့ နက်နဲတဲ့ မေတ္တာကို ပိုမိုသိမြင် ခံစားနိုင်ခဲ့ပါ တယ်။ ကျွန်မနဲ့ နာမ်တူ၊ အကြံတူတဲ့ ဂျစ်ကန်ကန် ကလေးမလေး(၂)ယောက်ကို တွေ့တဲ့ အခါမှာတော့ ကျွန်မ မိဘတွေရဲ့ မေတ္တာကို နားလည်နိုင်ခဲ့ပါတယ်။ ရောက်ခါ စက နှစ်ကို လနဲ့တွက်၊ လကို အပါတ်စဉ်နဲ့တွက်၊ အပတ်စဉ်တွေကို ရက်နဲ့တွက်၊ ရက်ကို နာရီနဲ့တွက်ပြီး (၂) နှစ် ပြည့် လို့ အိမ်ပြန်ရမဲ့ ရက်တွေကို စိတ်မောစွာနဲ့ လက်ချိုး ရေတွက်ခဲ့ပါတယ်။ ခုတော့ အဲလို တွက်နေမဲ့အစား ကျမ်းစာဖတ်နေတဲ့ အခါမှာ ဘုရားသခင်ရဲ့ နှုတ်ထွက် စကား တွေက ရတဲ့ ခွန်အား၊ ယုံကြည်ခြင်း ခွန်အား တွေနဲ့ ခံစားရတဲ့ ကျေးဇူးတော်ကို ရေ တွက် ရင်း နေ့ရက်တိုင်းကို ပျော်ရွှင် အောင်မြင်စွာနဲ့ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ ကျွန်မ တက်နေတဲ့ ဘုရားကျောင်းက ဆရာတော်ရဲ့ ဝေမျှမှု တစ်ခုဖြစ်တဲ့ မနက်အိပ်ရာက နိုးလို့ မျက်စိနှစ်လုံး ဖွင့်တာနဲ့ Good Morning Jesus လို့ တိုးတိုးလေး နှုတ်ဆက်လိုက်တိုင်း တစ်နေ့လုံး ရွှင်လန်း တက်ကြွစွာနဲ့ ရင်ဆိုင်ကျော်ဖြတ်ဖို့ အသင့်ဖြစ်နေပါပြီ။ ကျွန်မရဲ့ စိတ်တွေ ပြောင်းလဲခဲ့ တာ နှုတ်ကပတ်တော်ကို ကြားနာရတဲ့ တစ်စက္ကန့်လေးမှာပါပဲ။ သင်လည်း အမှန်တကယ် နောင်တ ရခဲ့ရင် အချိန်မဆိုင်းဘဲ ဝန်ချတောင်းပန်လိုက်ပါ။ ဘုရားသခင်က ဝမ်းပန်းတသာ နဲ့ကြိုဆို နေပါတယ်။ ဘုရားသခင်ရဲ့ ချစ်ခြင်းကို ခံစားတတ်လာရင် ကျွန်မတို့ အနာဂတ် အတွက် ကိုယ်တော် ပြင်ဆင်ပေးတဲ့ အကောင်းဆုံး လမ်းကို တွေ့ရှိလာမှာပါ။ အရင်က ဆုတောင်းရင် အရွဲ့တိုက်တဲ့ ဆုတွေပဲ တောင်းတဲ့ ကျွန်မ အခုချိန်မှာ နှလုံးသားထဲက ခံစားချက် အရင်းအမှန်နဲ့ ဆုတောင်း တတ်ခဲ့ပါပြီ။ ဆုတောင်းချက်တိုင်းကိုလည်း


Min Aung Thet Lwin, Blk 76A #30-02,Red hill road, Singapore 151076, **E-mail; min_atl @ yahoo.com.sg** (( **Phone (65) 81222320** ))


အဖြေရခဲ့ပါပြီ။ ၁၀.၄.၀၈ မှာ စကာ်ပူကို ရောက်ခဲ့တဲ့ ကျွန်မ ခံစားရတဲ့ ကျေးဇူးတော်ကို ရေတွက် ချီးမွမ်းရင် မကုန်နိုင်ပါဘူး။ ဆိုးမိုက်လွန်းတဲ့ ကျွန်မကို ခွင့်လွှတ်ပြီး အမြဲတမ်း ချစ်နိုင်တဲ့ အဖ ဘုရားသခင်ဟာ သင့်ကိုလဲ ချစ်ပါတယ်ဆိုတဲ့အကြောင်း သိရှိခံစားနိုင်ပါစေ ...။ ။ *ပျား ကလေး (မိုး ကုတ်)*

---

## ဘုရားကျေးဇူးတော်ကြောင့်သာ Samuel Soe Lwin(ကလေး၊ချင်းပြည်)

***၁။ ဘဝရဲ့အစ။*** "အသက်တရာ မနေရသော်ငြားလည်း အမှုတရားကား တွေ့ရ တတ်၏" ဆိုတဲ့ စကားအတိုင်း ကျွန်တော့်ဘဝမှာ လိုချင်သည်ဖြစ်စေ မလိုချင် သည်ဖြစ်စေ ဘဝပေး အခြေအနေတွေကြောင့် မလွှဲမရှောင်သာ အမှုများစွာ ကြုံတွေ့ ခဲ့ရပါတယ်။ အမှုဟုဆိုရာ၌ ရုံးကန်ကန္နား မဟုတ်ပါကြောင်း ဦးစွာ ပဏာမ စကားဆိုလိုပါတယ်။ ကြုံခဲ့ရတဲ့ အမှုတွေထဲက နာမ်ဝိညာဉ် ရေးရာ အကြောင်း တစ်ခု ကို သက်သေခံလိုပါတယ်။ ကျွန်တော် ကြိုက်သည် ဖြစ်စေ၊ မကြိုက် သည် ဖြစ်စေ၊ မြန်မာလေ့ထုံးတမ်းစဉ်လာ အတိုင်း ကျွန်တော်ဟာ အဖွား ဇာတာမှာ အညံ့ဆုံး ဖြစ်တဲ့ ဘင်္ဂ၊ မရဏ၊ ပုထိ ဆိုတဲ့ အထဲက ပုတိဖွားလို့ ဆိုစရာ ဖြစ်တဲ့အတိုင်း အူဝဲ ဆိုတဲ့ဘဝအစကတည်းက အရိုးပေါ်အရေတင်၊ သေခြင်း ကမ္ဘာ ကို အကြိမ်ကြိမ်နင်း၍ လက်မတင် အခါခါ လွဲပြီး၊မိဘ၊ ဘိုးဘွား တွေရဲ့ ရင်တမမ သက်ဖိုသက်မ ကြားမှာ ကြီးပြင်း လာတော့ လူတွေက ကျွန်တော့်ကို "မသေကျန် လေး" လို့ခေါ်ကြပါတယ်။

***၂။ လွတ်ရာလမ်းကို ရှာခြင်း။*** လေးဖက်လေးတန်က ဘဝရဲ့ရိုက်နှက်မှုတွေ ကြောင့် ကျွန်တော် ငါးနှစ်သားအရွယ်မှာပဲ ရွာဦးကျောင်းမှာ သေသည်အထိ သာသနာ့ ဝန်ကိုဘဲ ထမ်းဖို့ဆုံးဖြတ်လိုက်တဲ့အကြောင်းက ဒီဘဝမှာတော့ ဖြစ်လိုရာ ဖြစ်စေတော့ နောင်တမလွန်ဘဝမှာတော့ ဒီလိုအဖြစ်မှဝေးစေဖို့ ဆိုတဲ့ အဓိဋ္ဌါန် တစ်ခုကြောင့်ပါ ဘဲ။ ကျွန်တော့်ဘဝမှာ လက်စွဲစကားတစ်ခုက အရာရာကို ယုံသင့်မှ ယုံရမယ်ဆိုတာ ရှိထားတယ်။ ယုတ္တိ ယုတ္တာရှိလို့လဲ မယုံနဲ့၊ အစဉ်အလာမို့ မယုံနဲ့၊ လူတွေက လက်ခံထားကြလို့လဲ မယုံနဲ့၊ ကိုယ်တွေ့မှသာ ယုံ စတဲ့ ဆိုတဲ့စကားတွေအတိုင်း လက်ရှိဘဝကို ယုံတယ်။



တမလွန်ဆိုတဲ့ ဘဝ ကိုလည်းယုံတဲ့ ကျွန်တော့် အဖို့အရာရာမှာ ကံကိုပုံပြီး အရှုံးမပေးလို့တော့ ငါလုပ် မှ ငါရမယ်။ ဆိုတဲ့စိတ်နဲ့ နာမ်ဝိညာဉ် တမလွန်ရေးကို အစွမ်းကုန် တတ်အားသ ရွေ့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ စပါးကြီးမြွေရဲ့ ချက်ကြိုးကို မိထားတဲ့ သားကောင် ငယ်လို ကျွန်တော်ဖြစ်နေခဲ့မှန်းကို ဘယ်လိုမှ မသိခဲ့ပါဘူး။ ကျွန်တော်ရဲ့ 'မသေ ကျန်ဘဝ'ဟာ ဆယ့်ကိုးနှစ် ရောက်တဲ့ အချိန်မှာတော့ ပြုလေသမျှ သဲထဲရေသွန်၊ အိတ်ပေါက်နဲ့ ဖါးကောက် သလို ဘဝမှာ ဘာဆိုရင်ဘာမှ ရေရာမှုမရှိ အာမခံချက် မရှိနဲ့ "ဘုရားမပါ လူ့ဗလာ" ဆိုတဲ့စကားအတိုင်း ကျွန်တော်ရဲ့ အခြေအနေမှန်ကို ကျွန်တော် တနေ့တခြားသိလာပြီး လူဆိုတာ ဒုက္ခခံ၊ သေဖို့ သက်သက် မွေးလာရော့ သလား ဆိုပြီး တွေ့မြင်သမျှ အရာတွေပေါ်မှာ ဖြစ်လိုရာ ဖြစ်စေတော့ နောင်ခါလာ နောင်ခါချေး မသေခင်တော့ လက်လျှော့လိုက်ပေမဲ့ ဘဝအတွက် အဖြေတွေ ကိုတော့ ကျွန်တော်လိုချင် တောင့်တသိချင်နေမြဲပါဘဲ။

***၃။ အားမသန်၍ မာန်လျှော့ရ။*** တန်ခူးလ ဆိုတာတော့ ကျွန်တော် အကြိမ်ကြိမ် ကြုံတွေ့ဖြတ်သန်းခဲ့ပေမဲ့ တန်ခူးလရဲ့ ပွဲတော်ဟာ ကျွန်တော့်ဘဝမှာ မရှိခဲ့ပါဘူး။ လိုချင်တာတွေမဖြစ်လို့ဖြစ်ချင်တာတွေ ဖြစ်ဆိုပြီး မထူးဇာတ်ခင်း နေရတဲ့ ဘဝမှာ တစ်ပူပေါ် နှစ်ပူဆင့်၊ မြေနိမ့်ရာ လုံစိုက်တဲ့ တစ်နေ့မှာ နတ်ကတော် တစ်ဦးက ဆိုင်းမဆင့် ဗုံမဆင့် နတ်တင်ရမယ် ဆိုပြီး လာပြောတော့။ ကျွန်တော် တော်တော်လေး စိတ် ကသိကအောင့်ဖြစ်သွားတယ်။ ဘာကြောင့်လည်း လို့ ထပ်မေးတော့ ဖခင်ရဲ့နတ်ဟာ သားမှာပဲ လိုက်တာမို့၊ ဖခင်က ဖားကန့်ကို သွားတော့၊ အဖွားအိမ်မှာ နေပေမဲ့ သားကတော့သားမို့ အဖရဲ့အိမ်ဦးအမွေကို သားဖြစ်တဲ့ ကျွန်တော်က ပူဇော်ပသ ရမယ်တဲ့ဗျ။ လောကမှာ လူဟာအမြတ်ဆုံး၊ နတ်လို့ဆိုတဲ့ နာမ်ဝိညာဉ်တွေဟာ သူတို့ကိုယ်၌က ကျွတ်တမ်း မဝင်နိုင်၍ နာနာဘာဝ ထဲမှာပါနေတော့ ဘိန်းစားခြင်းအတူတူ တစ်လုံးပိုမရှုချင်ပါနဲ့ဆိုတဲ့ စိတ်က ကျွန်တော့်မှာ ရှိတော့ နတ်ကတော်အဒေါ်ကြီးကို ကျွန်တော် အဲ့ဒီနတ်ကိုလည်း မလိုချင်ဘူး၊ ကျွေးလည်းမကျွေးလိုဘူး။ အဖေရှိတဲ့ဖားကန့်ကိုဘဲ လိုက်သွားဘို့ ပြောလိုက်ပါဆိုတော့ အဒေါ်ကြီးလည်း ဒေါသထွက်ပြီး နှုတ်က ပွစိပွစိပြောကာ "နတ်နဲ့နဂါး မလှည့်စားနဲ့၊ ကျားကိုက်မလေး၊ နတ်တိုက်မလေး" ပြောကာထွက်သွားတော့ ကျွန်တော်တွေးမိတာက ဘဝရဲ့အဖြေရှာရတာက စာဖူး တောင်းရဲ့အစကို ရှာတာနဲ့ မထူးသလိုဘဲ ခံစားမိခဲ့တယ်။ လက်တွေ့မှ ယုံကြည်တတ်တဲ့ ကျွန်တော်ဟာ ကိုယ့်ရဲ့ကိုယ်ကျင့်တရားအပေါ်မှာ စိတ်ချမှု အပြည့်နှင့် သူတို့ရဲ့စကားကို လျစ်လျူရှုခဲ့ပေမဲ့ တစ်နေ့ ဘာကြောင့်ရယ်လို့မသိ ကျွန်တော့်ရဲ့ ညာဘက်လက်ဟာ လုံးဝ လှုပ်ရှားလို့ မရတော့ ကျွန်တော်အပါအဝင် အိမ်သားအားလုံး ပြာယာခတ် သွားကြရတယ်။ ကြိုးစားကုသ ပေမဲ့ ရောဂါ မပျောက်ဘဲ တစ်လကျော်ကြာပြီး နောက်နေ့ မနက်စောစောမှာ အဖိုးရဲ့ "ငါ့မြေး မင်းရဲ့လက်က သက်သာပြီလား ဆိုတဲ့စကား" ကိုကြားတော့မှ ကျွန်တော်ရဲ့လက်ဟာ ပကတိ အကောင်းဖြစ် နေမှန်း သတိထားမိသလို အံ့သြစွာဖြင့် "အဖိုး ကောင်းသွားပြီ" လို့စကားဆို မိတယ်။ အဲ့ဒီအချိန်မှာဘဲ အဖိုးဖြစ်တဲ့ သူက နတ်တင်ရမဲ့ အကြောင်းပြောတော့ ကျွန်တော် အကျောက်အကန် ငြင်းပေမဲ့ အဖိုးရဲ့ စကား တခွန်းနဲ့ လက်ညှိုးညွှန်ရာကို ကြည့်မိတော့မှ ကျွန်တော် အားမတန် မာန်လျှော့ ကာ မျက်ရည်ကျပြီး တိတ် တိတ်နေလိုက်ရတယ်။ "ငါ့မြေး မင်းမျက်နှာသစ်တဲ့ အချိန်မှာ ငါနတ်ကို တောင်းပန် ထားလိုက်တယ်။ ပြီးတော့ တင်လှူပူဇော်ဖို့လည်း ငါ ကတိပေးလိုက်တယ်" ဟုဆိုလာသော အဖိုးရဲ့စကား အဆုံး အိမ်ထောင့် တစ်နေရာမှာ ဆန်တွေ ဟိုတချို့ ဒီတစ်ချို့ ပြန့်ကျဲနေတာက "အဖိုး ညွှန်ပြတဲ့ အရာ ဒဏ္ဍာရီ ပုံပြင်တွေထဲကလို ကျွန်တော့်မှာ ဝိညာဉ်မျက်စိရှိပြီး၊ တန်ခိုး စွမ်းအားတွေရှိရင် ရိုးရာနတ်ကို ကျွန်တော်အနိုင်ယူချင်ပေမဲ့ လေထဲမှာ အိမ် ဆောက်သလို ငလင်းကို လည်းမနိုင်၊ ဝဝင်းကိုလည်းကြောက်ရ မွန်မြတ် တယ်ဆိုတဲ့ ဘဝမှာ ကိုယ်ကောင်း ရင် ခေါင်းဘယ်မှမရွှေ့ဘူးလို့ ဆိုပေမယ့် ဘယ်လိုပဲ ကြိုးစားကြိုးစား၊ 'ပေ' ဘဝ မှာဘဲ ဖြစ်တည်အထုခံနေရတဲ့ဘဝမှာ ရှင်ပေါလု ပြောခဲ့သလို "ငါသည် ငြိုငြင် သောသူဖြစ်ပါသည် တကား၊ ဤအသေ ကောင်မှ ငါ့ကို အဘယ်သူ ကယ်လွတ်မည်နည်း" ဆိုတာကို အမြဲရေရွတ် ခဲ့ဘူးပါတယ်။

***၄။ ကျေးဇူးတော်ကြောင့်လွတ်ငြိမ်းရပြီ။*** ငါတို့သခင်ယေရှုခရစ် အားဖြင့် ကယ်လွှတ်တော်မူသောဘုရားသခင်၏ ကျေးဇူးတော်ကြီးလှပေ၏။ (ရော ၇း၂၅) ဘုရား သခင်၏ ကျေးဇူးတော်သက်သက်ကြောင့် ခရစ်ယာန်များ၏ ဟောပြော ဝေငှမှု ဧဝံဂေလိတရားကို ကြားသိယုံကြည်၍ ယုံကြည်သူ ဖြစ်လာရချိန်တွင် ဘဝ၏ ဒုက္ခပြဿနာများနှင့် စာဖူးတောင်း ကဲ့သို့ အစရှာရ ခက်တဲ့ မေးခွန်းများစွာ တို့ရဲ့အဖြေကိုလည်း ကျွန်တော် ထာဝရအသက် အပါယ်မှ လွတ်မြောက်ခြင်း အခွင့်ထူး တို့နှင့်အတူ သိခွင့် ရလာပါတယ်။ ဘာသာတရားတိုင်းမှာ ကောင်းတာ လုပ်ရင် ကောင်းတာရမယ်။ "ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်"ဆို တဲ့စကားတွေ နောက်ပြီး လူဟာကိုယ်ကျင့်တရားကောင်းရင် နာမ်ဝိညာဉ်သမားတွေက မနှောင့် ယှက်နိုင်ဘူး လို့ဆိုပေမယ့် တကယ် မဟုတ်လာတော့ ကျွန်တော်မှာ ဘာများ မှားနေသလဲ ဆိုပြီး အမြဲစိတ်မှာ မေးနေခဲ့ရ တယ်။ ဒီအဖြေကိုတော့ ကျွန်တော်အခု ကောင်း ကောင်းသိရပါပြီ။ (၁ယော ၅း၁၉)။ "ဘုရားမပါ လူ့ဗလာ" ဆိုတဲ့စကား ဟာ အခုမှ အဓိပ္ပါယ်ပိုရှိလာတာပါ။ ဘုရားနဲ့ မဆိုင်သေးတဲ့ဘဝမှာ ကျွန်တော် ဘယ် လိုဘဲ ကြိုးစား ကြိုးစား မာရ်နတ်လက်ထဲမှာသာရှိတဲ့ ကျွန်တော့်ရဲ့ ကြိုးစား ရုန်းကန်မှုတွေဟာ သူ့အတွက်တော့ ပြက်လုံးထုတ်နေသလိုသာဖြစ်ခဲ့မယ်ဆိုတာ ဟိုတုန်းက မသိခဲ့လေဘူးပေါ့ဗျာ။

ကျွန်တော် ယုံကြည်သူဖြစ်သွားသည့် သတင်းဟာ အိမ်ခြေ ထောင် ဂဏန်း မပြည့်တဲ့ 'ကံပုလဲ'မှာ လူကြီး လူငယ်အားလုံးက ချက်ခြင်း သိသွားကြ တယ်။ အဲဒီ အထဲမှာ နတ်ကတော် အဒေါ်ကြီးလည်း ပါတာပေါ့။ ကျွန်တော့် အနေနဲ့ ဘယ်တော့ မှ နတ်မတင် တော့မည့်အကြောင်း ပြောတော့ "ဘာလဲ နင်က ချင်းဘုရားကို အားကိုး တာပေါ့ဟုတ်လား" ဆိုတဲ့အမေးကို ကျွန်တော် ဘုရား မေတ္တာ ရှေ့ထားပြီး "ဒီလိုရှိပါတယ်၊ အရီး၊ ဒီရွာမှာ လူတကာ ကို ကျွန်တော် မဟုတ်တာ မလုပ်ရင် ကြောက်စရာ မလိုပါဘူး။ အဲဒီလိုဘဲ ကောင်းကင်နဲ့ မြေကြီးကို ဖန်ဆင်းတဲ့ ဘုရားကို ကျွန်တော် ကိုးကွယ်ယုံကြည်လေတော့ ဖန် ဆင်းခံသတ္တဝါတွေကို ကျွန်တော်ကိုးကွယ်စရာ မလိုတော့ပါဘူး" လို့ဖြေတဲ့ အ ချိန်မှာ အားလုံးက ကြည့်ကြသေးတာပေါ့ဆိုတဲ့ အထာနဲ့ ခနဲ့တဲ့ အကြည့် တွေကြားမှာ ထာဝရဘုရားက ကျွန်တော့်ကို အောင်လံ လွှင့်ထူ ခွင့်ပေးခဲ့ပါတယ်။ ဘဝပေး ကံဇာတာနှင့် ယောင်ဝါးဝါး ဘဝလမ်းကို အခုတော့ လျှောက်လှမ်း စရာမလိုတော့ပါ။ ဖြစ်သမျှတွေလည်း ငါ့ထိုက်နှင့် ငါ့ကံသာ ရှိပါစေတော့ ဆိုပြီးလည်း အားမသန် မာန်လျှော့ရခြင်းမျိုးမှလည်း အခုတော့ ကင်းလွတ် ခွင့်ရ



မည်သူမဆို စာမူများ ရေးသားပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂနနှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

ခဲ့ပါပြီ။ အခုကျွန်တော် ရေးသားသမျှတွေဟာ စာဖတ်သူ အဖို့တော့ စာအား ဖြင့်သာ သိနိုင်ပြီး ကျွန်တော့ရဲ့ရွာသူရွာသားတွေကတော့ လက်တွေ့ မျက်မြင်တွေ ဖြစ်ခဲ့ကြရတာက ဘုရားသခင်ရဲ့ လုပ်ဆောင်ချက်တွေကြောင့်သာပါ။ ထို့ကြောင့် ဒီအခြေအနေတွေ အားလုံးမှာ ဝါကြွားစရာက (၂ကော ၁၀း၁၇) ဆိုတဲ့ အတိုင်း ယေရှုခရစ်၌ ကျွန်ုပ်ဝါကြွားရမည့် အရာတစ်ခုရယ်ပါ။ ယေရှု ခရစ်တော် သာ ကျွန်ုပ်ရဲ့ဘုရား မဖြစ်ခဲ့လျှင်တော့ ကျွန်တော်ရဲ့ အနာဂါတ်ဟာ စာတန်မာရ် နတ် လက်တွင်းမှာ သူပြုသမျှ ကျွန်တော်ခံရပြီး လူဖြစ်ကျိုး ဆုံးရှုံးရုံသာမက ထာဝရ လူညွန့်တုံး ရမဲ့သူပါ။

***၅။ လက်တွေ့မင်္ဂလာပိုင်ဆိုင်ရမှုများ။*** ဆာလံ ၁၁၈း၂၄ ငါလိုယောကျ်ား ပြဿဒါး မရှိလို့ စာစကားအရသာ ကြားသိရပြီး လက်တွေ့မှာ အရင်က မကြုံခဲ့ ဘူးသော်ငြားလည်း ယခုမူကား ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ် အတွက် ရက်ရာဇာနှင့် နေကောင်းရက်မြတ်ချည်းသာ တွေ့ကြုံခွင့်ရပါပြီ၊ အချုပ် အားဖြင့် ဆိုရပါသော် ဇာခရိ ၄း၆ ဆိုသော နှုတ်ကပါတ်တော်လာသည့်အတိုင်း ထာဝရဘုရား၏ ဘုန်းတော်သာ၍ ထင်ရှားပါစေ။ သာသနာပ လူတွေ ခရစ်တော် အား သိရှိလာဖို့ဆိုတောင်းကြသောသူများ အပေါ်မှာသော်ငင်း၊ အစေခံခြင်းအား ဖြင့် အမှုဆောင်ရွက်နေကြသော ဓမ္မဆရာ/ဆရာမများအပေါ်မှာ သော်လည်း ကောင်း ဘုရားရှင်သည် ဆထက်တပိုး ကောင်းကြီးပေးပါစေသောဟု ဆန္ဒပြုလျှက် ...။ နာမတော်မြတ်၌– Samuel Soe Lwin (ကလေး၊ချင်းပြည်)

---



## "Without You!" (July)

*ရင်ဖွင့်သံ (၁)။* ။ အညတရကို စက်ဘီပူရောက်အောင် ပို့ပေး ပါ ဆိုပြီး ဒူးတွေထောက် မျက်ရည်တွေ သွန်ချပြီး အကြိမ်ကြိမ် ဆုတောင်းခဲ့တာလည်း အညတရပါပဲ။ ဟော... ကိုယ်တော် နားညောင်းသွားပြီလို့ ထင်ပါရဲ့။ ဒီမြေကို နင်းခွင့်ရခဲ့ပါပြီ။ မျှော်လင့် ချက်တွေ အကောင်အထည်ဖော် နိုင်တော့မယ် ဆိုပြီး ဝမ်းမြောက်ခြင်း တွေနဲ့ပေါ့။ အနာဂတ်ကို မြင်နိုင်စွမ်းမရှိပဲ လိုချင်တာကို အတင်းပူဆာတတ်တဲ့ အား နည်းခြင်းတွေ ဝန်းရံ နေတဲ့ လူသားတစ်ယောက်ရဲ့ အတွေးလေးနဲ့ပေါ့။ စခဲ့ပြီပေါ့ အနာဂတ်ရယ်။ ဒီမြေကို စ နင်း ရက် တစ်ရက်ကစလို့ ကြောက်ဖို့ ကောင်းလိုက်တာ ကိုယ်တော်ရယ် စုံစမ်းခြင်းတွေ ပင်ပန်း ခြင်းတွေက ဗျူဟာမျိုးစုံနဲ့ အညတရကို ဝန်းရံနေလိုက်ကြတာ။ ဒီလိုနဲ့ ဒီမြေကနေ အမိရင်ခွင်ဆီကို ပြန်ပို့ပေးပါ ဆိုပြီး မျက်ရည်တွေ ဒုတိယအကြိမ် သွန်းခဲ့ရပြန်ပြီပေါ့။ သေသေချာချာ တစ်ခုခြင်း တွေးကြည့်မိတော့ မိသားစုအတွက် တစ်ဦးထဲ ရုန်းကန်ရတဲ့ ငါ့ဘဝ၊ နောက်ပြန်လှည့် လည်းမဖြစ်၊ ရှေ့ကြည့် လိုက်တော့ လည်း မှုန်းကျပ်မှုတွေ တန်းစီနေလိုက်တာ။ ဩော်... ဆုပ်လည်းစူး၊ စားလည်းရူးရမယ့် ငါ့ဘဝ။ ဒါကြောင့်မို့ ကိုယ်တော်က အညတရကို ရင့်ကျက်စေဖို့နဲ့ မိသားစုအတွက်မို့ ဒီတစ်ခါ နားမညောင်းခဲ့တာပေါ့။ ဒါကြောင့် အညတရလည်း မျက်ရည်တွေနဲ့ ကိုယ်တော်ရယ် အလိုတော်လမ်းဟာ သိပ်ကို ပင်ပန်းဆင်းရဲလှပါတယ်။ သိပ်ကို နုံချာ တဲ့ လူသားအတွက် လောကရဲ့ မြင်နိုင်၊ ထိတွေ့နိုင်တဲ့ စုံစမ်းခြင်းအမျိုးမျိုးအား ကိုယ် တော်ရဲ့ ကြီးမြတ်တဲ့ တန်ခိုးတော်ဖြင့် ကျော်လွှားနိုင်ရ တဲ့ အခွင့်ရှိစေပါ။ မမြင်နိုင် အမှုမဲ့ အမှတ်မဲ့နဲ့ မသိနိုင်တဲ့ စုံစမ်းခြင်းများအားလည်း မြင်နိုင်စွမ်းရှိတဲ့ သခင်ရဲ့ လက်တော်ဖြင့် ထွေးပိုက်လျက် ကွယ်ကာပေးပါနော်။ ဒီလိုနဲ့ အနာဂတ်ဆီသို့ ငို တလှည့်၊ ရယ်တလှည့်နဲ့ပေါ့။

*ရင်ဖွင့်သံ (၂)။* ။ဒီလိုနဲ့ ဆက်လျှောက်ရင်း ဖိစီးမှုတွေကြောင့် ဖြေသိမ့်ကြတဲ့ နေရာမှာ ထွက်ပေါက်ရှာမှားနေကြတဲ့ မောင်နှမတွေရဲ့ Story လေးတွေကို ရှုထောင့် စုံလင်စွာနဲ့ အမျိုးမျိုး ကြားရပြန်ပါတယ်။ မောင်နှမများကို ပြောချင်တာက အဲဒီလိုအချိန်ဟာ သိပ်ကိုအရေးကြီးတဲ့ အချိန်ဆိုတာပါပဲ။ မျက်တောင်လေး တစ်ချက် ခတ်လိုက်တာနဲ့ ရှာတွေ့တဲ့ ထွက်ပေါက်ဟာ သိပ်ကိုမှားယွင်းသွားနိုင်ပါတယ်။ ဒီလိုပြောလိုက်လို့ မင်းကရော ဘယ်လောက် အလိုတော်နဲ့ ညီနေသလဲလို့ ဖတ်နေရင်းနဲ့ ရင်ထဲက မေး ခွန်းလေးတွေ ထုတ်နိုင်ကောင်းပါရဲ့။ ဒါဟာ အညတရ ကိုယ်တိုင် ရင်ဆိုင်ထိတွေ့ပြီး ရွေး ချယ်ခဲ့ရတဲ့ ကိုယ်တွေ့ အကြောင်းရင်းလေးကို စာဖတ်သူများ ဆင်ခြင်နိုင်ဖို့ သက်သေခံ တင်ပြပါရစေ။ အညတရ ဆိုတာ အင်မတန်ကို နုံခြာပြီး အားနည်းလွန်းတဲ့ အပြစ်သား၊ မပြည့်စုံခြင်း တရားတွေ ဝန်းရံနေတဲ့ သူတစ်ယောက်အနေနဲ့ Church ဆိုတာ အသာ ထား၊ ရရှိတဲ့ အခွင့်အရေးကို အသုံးချ၊ လောဘတွေ ရင်မှာ ပိုက်လို့ ခါးသီးမှုတွေ ဖြေဖျောက်ဖို့ စိတ်ကူးလိုက်ပါ တယ်။ ခံနိုင်ရည် မရှိတော့လို့ပါ ကိုယ် တော်ရယ်။ အဲ! အဲ့ဒီအချိန်ပါပဲ။ အရမ်းချည့်နဲ့ပြီး ခွေကျတော့မယ့် သူတစ်ယောက်ကို နှိုင်းယှဉ်လို့မရတဲ့ နှလုံးသားနဲ့ သူနှစ်ဦးက ဖြည့်ဆည်းပေးဖို့ ပြောလာပါတယ်။ တစ်ဦးက အေးစက်တဲ့ လက်တွေကို ကမ်းပေးပြီး ဘာပြောလဲဆိုတော့ လာလိုက်စမ်းပါ၊ မင်းရဲ့ လိုအင်တွေကို မဆိုင်းမတွ ဖြည့်ဆည်းပေးဖို့ ဒီမှာကြည့်တဲ့။ ကြည့်လိုက်တော့ မတည်မြဲတဲ့အရာတွေ၊ အထားမခံ ပျက်စီးတတ်တဲ့ အရာတွေကို အရောင်တင်၊ ဆေးစိမ်ထားပြီး ပြုပြင် မွမ်းမံထားလိုက်တာ အားပါးပါး တကယ့်ကို မက်မောစရာပါလား။ ဒါပေမယ့် အဲဒီ အချိန် ဘာကြောင့်မှန်းမသိ ရင်တွေပူလိုက်တာ။ အဲ နွေးထွေးတဲ့ လက်တစ်စုံ ပိုင်ရှင်က တော့ သမီးလေးရယ် သမီးလိုချင်တဲ့ အရာတွေက အဆိပ်တွေနဲ့ မို့ပါ။ အဖေက သမီးလေး ဒုက္ခရောက်မှာကို ကြည့်နေရမှာ လားတဲ့။ သူ့ရင်ခွင်ကို လှမ်းကြည့်လိုက် တော့ ရိုးရိုးလေးသာ ထင်ရတဲ့ အရာတွေပဲ တွေ့ရ ပါတယ်။ တစိုက်မတ်မတ်လေးနဲ့ သေသေချာချာလေးကြည့်ပါဦး သမီးလေးရယ် လို့ ပြောလာတော့ ပြောတဲ့အတိုင်း ထပ်ကြည့်လိုက်မိပါ တယ်။ ဟော...ပြောင်းလဲခြင်းကို စတွေ့ရပြီ၊ ရိုးစင်းတဲ့ အရာ တွေက တဖြည်းဖြည်းနဲ့ အရောင်တွေပြောင်း လင်းလက်ပြီး တဆင့်ပြီးတဆင့် အရောင်တွေ တောက်ပ လာလိုက်ကြတာ အို ကြည့်နေတဲ့ အညတရ ရင်ကို ငြိမ်းချမ်းစေလိုက်တာ။ ခုနက ပူနေတဲ့ ရင်တစ်ခုလုံး လန်းဆန်းပေ့ါပါး သွားလိုက်တာ။ အေးမြတဲ့ လေသံလေးနဲ့ အညတရကို လှမ်းပြော လိုက်တာက အဲဒါ သမီးလေး ကိုပေးမယ့် ထာဝရ မပျောက် ပျက်နိုင်မယ့် အရာ တွေပဲပေါ့တဲ့။ ဟင်...အညတရ ဘာကြောင့်ငိုနေတာလဲ၊ မဟုတ် သေးပါဘူး ဒါနဲ့ မျက်လုံးလေးကို စုံမှိတ်ပြီး လေးလေး နက်နက် ခံစား ကြည့်လိုက်ပါတယ်။ ဩော်... ငါ့ရဲ့ နှလုံးသားကို အေးမြတဲ့ လေညှင်း လေးတွေ တိုက်ခတ်နေလို့ နှလုံးသားလေး ရွှင်လန်း လွန်းလို့ ပုလဲလုံးလေးတွေ သီကုံး ပေးနေတာပါလား။ အဲဒီ အချိန်မှာ အညတရလေ နွေးထွေးတဲ့ လက်ပိုင်ရှင်ကို ပြော လိုက်တာက လွဲမှားစွာ ပြင်ဆင်ထားမိတဲ့ စိတ်ကူးလေးတွေ အတွက် ခွင့်လွှတ်ပါ အရှင်ရယ်လို့ပေါ့။ အဲဒီနေ့က စလို့ နှလုံးသား က စက္ကန့်တိုင်း နွေးထွေးတဲ့ လက်ပိုင် ရှင်ကို လှမ်းပြောနေတဲ့ စကားလေး တစ်ခွန်းက "How could I be without you" တဲ့။ နွေးထွေးရှင်ဆီသို့ ခြေဦးလေးတွေ လှည့်နိုင် ပါစေလို့။ ။ (July)


---



## ပြူတင်းပေါက် (ဘာသာပြန်စာမူ) မင်းအောင်သက်လွင်

လင်မယားနှစ်ယောက် အိမ်အသစ်ကို ပြောင်းလာကြတယ်။ မိန်းမ ဖြစ်သူ က နောက်တစ်နေ့သော မနက်ခင်းဘက်မှာ အိမ်ပြူတင်းပေါက်ကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ဘေးအိမ်က ခြံဝင်းထဲမှာ အဝတ်တွေလျှော်ပြီး နေပူ လှမ်းထား တာကို တွေ့လိုက် ရတယ်။ လျှော်ပြီးသား အဝတ်တွေအားလုံး ညစ်ပတ်ပေရေ နေတာမို့ ဘယ်လို အဝတ် လျှော်သမားက ဘယ်လို ဆပ်ပြာမျိုးနဲ့ လျှော်ထားသလဲ ဆိုတာ သူသိချင်လာတယ်။ နောက်တစ်နေ့ မနက်မှာလဲ အိမ်နီးချင်းခြံထဲမှာ လှမ်းထား တဲ့ အဝတ်တွေအားလုံး ညစ်ပတ် ပေရေနေတာကို ထပ်တွေ့ရပြန်တယ်။ သုံးရက် မြောက်တဲ့ နေ့မှာတော့ အဝတ်တွေက အရင်နေ့တုံးကလို ညစ်ပတ် မနေတော့ဘဲ ဖြူစင်သန့်ရှင်းနေတာကို တွေ့လိုက်ရတယ်။ အဲဒီအချိန်မှာ ခင်ပွန်းသည်က ဒီနေ့ မနက် သူတို့အိမ်က ပြူတင်းပေါက်မှန်မှာ ကပ်နေတဲ့ ဖုန်မှုန့် တွေကို ဆေးကြော သုတ်သင်လိုက်ကြောင်း ပြောပြပါတယ်။ အဲဒီတော့မှ မိန်းမဖြစ်သူ သဘောပေါက် လိုက်တာက ဘေးအိမ်မှာ လှမ်းထားတဲ့ အဝတ်တွေ ညစ်ပတ်နေတာ မဟုတ်ဘဲ သူတို့ အိမ် ပြူတင်းပေါက်က မှန်တွေမှာ ဖုန်မှုန့်တွေနဲ့ ညစ်ပတ်နေတာ ဖြစ်ကြောင်း သိလိုက် ရတယ်။

တစ်ခါတစ်ရံ ကျွန်တော်တို့ သူများတွေကို ကြည့်တဲ့အခါမှာ သူတို့ မှားနေ တာ မဟုတ်ဘဲ ကိုယ့်အမြင်ကသာ စောင်းပြီး မှားနေတာ ဖြစ်ပါတယ်။ (လျှို့ဝှက်သောသူ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာ ထုတ်လော့၊ နောက်မှ ညီအစ်ကို မျက်စိ၌ရှိသော ငြောင့်ငယ်ကို ထုတ် ခြင်းငှာ ရှင်းလင်းစွာ မြင်လိမ့်မည်။ လု ၆း၄၂–ခ)





((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည်)) မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်